# ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက်၊ တနင်္ဂနွေနေ့၊ (25-6-2006) (၄၉၉၉)


## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ခရိုအေးရှားသမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၂၅

၂၀၀၆ခုနှစ် ဇွန် ၂၅ ရက်တွင် ကျရောက်သည့် ခရိုအေးရှားသမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်– နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ခရိုအေးရှားသမ္မတနိုင်ငံ သမ္မတ မစ္စတာ စတက်ချ်ပမ်၊ မက်စစ်(ချ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

## အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ၂၀၀၆ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ တင်ဒါစနစ်၊ ဈေးပြိုင်စနစ်ဖြင့် ကျောက်စိမ်းများရောင်းချပွဲ ဖွင့်လှစ်ပေး

ရန်ကုန် ဇွန် ၂၄

သတ္တုတွင်းဝန်ကြီးဌာန ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီက ကြီးမှူးကျင်းပသော ၂၀၀၆ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲတွင် တင်ဒါစနစ်၊ ဈေးပြိုင်စနစ်ဖြင့် ကျောက်စိမ်းများရောင်းချပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ တင်ဒါစနစ်၊ ဈေးပြိုင်စနစ်ဖြင့် ကျောက်စိမ်းများရောင်းချပွဲ ဖွင့်ပွဲအထိမ်းအမှတ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

### တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေး ဝင်း၊ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲ ပြပွဲဗဟို ကော်မတီနာယက၊သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ပြပွဲဗဟိုကော်မတီဝင်များ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာ ကုန်သည်ကြီးများအသင်း ဖြစ်မြောက်ရေး ကော်မတီဝင်များ၊ ပြည်တွင်းပြည်ပ ရတနာကုန်သည်များနှင့် လုပ်ငန်း ရှင်များ တက်ရောက်ကြသည်။

### ဖွင့်လှစ်ပေး

အစီအစဉ်အရ ဖွင့်ပွဲအခမ်းအနားကို မြန်မာကွန်ဗင်းရှင်းစင်တာ မုခ်ဦးရှေ့၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ကျောက်စိမ်း၊ ကျောက်မျက်၊ စာမျက်နှာ ၃ ကော်လံ ၁ သို့ ▲






မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၆ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲတွင် တင်ဒါစနစ်၊ ဈေးပြိုင်စနစ်ဖြင့် ကျောက်စိမ်းများရောင်းချပွဲ ဖွင့်ပွဲအထိမ်းအမှတ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

## အထူးရတနာရောင်းချပွဲ ကျောက်စိမ်းအတွဲများ စတင်ရောင်းချ ပြည်တွင်း၊ပြည်ပ ရတနာကုန်သည်များ ယူရိုငွေဖြင့် ဝယ်ယူ

ရန်ကုန် ဇွန် ၂၄

၂၀၀၆ခုနှစ် ကျောက်စိမ်း၊ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲသို့ ဇွန် ၂၀ရက်မှ ယနေ့ညနေ ၄နာရီအထိ ပြည်ပနိုင်ငံကိုးနိုင်ငံ၊ ကုမ္ပဏီ ၃၈၁ ခုမှ ရတနာကုန်သည် ၁၄၂၅ဦးနှင့် ပြည်တွင်းကုမ္ပဏီ ၃၇၂ခုမှ နိုင်ငံသားရတနာကုန်သည် ၈၇၃ဦး စုစုပေါင်း ပြည်တွင်း၊ပြည်ပ ရတနာကုန်သည်ပေါင်း ၂၂၉၈ဦး ရောက်ရှိနေကြပြီး ကျောက်စိမ်အတွဲပေါင်း ၃၂၁၈တွဲကို ကြည့်ရှုလေ့လာကြသည်။

အထူးရတနာရောင်းချပွဲအစီအစဉ်အရ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ တင်ဒါစနစ်၊ဈေးပြိုင်စနစ်ဖြင့် ကျောက်စိမ်းများ ရောင်းချပွဲ ဖွင့်ပွဲအခမ်းအနားကို ကျင်းပပြီးနောက် နံနက် ၁၁နာရီခွဲတွင် မြန်မာကွန်ဗင်းရှင်းစင်တာဝင်းအတွင်းရှိ ခန်းမဆောင်၌ ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များအား စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳

### ဆောင်းပါး အညွှန်း

❍ *အမျိုးသားညီလာခံကြီး ကျင်းပမှု အရှိန်ရလာခဲ့တာ ယခုဆိုရင် ၇၀ရာခိုင် နှုန်းကျော်ပြီးစီးပြီမို့ အားလုံးပြီးစီးဖို့ရာမှာ မျှော်ကြည့်ရင် မြင်ရလောက်တဲ့ အကွာအဝေးကို ရောက်နေပြီလို့ ဆိုနိုင်ပါတယ်။ တစ်နည်းအားဖြင့် ပြောရရင်တော့ လုပ်ငန်းစဉ်(၇)ရပ်ထဲက အခြေခံအကျဆုံး လုပ်ငန်းစဉ် ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲအကောင်အထည်ဖော်ရေးဟာ လက်တစ်ကမ်းအလိုမှာ ရှိနေပြီဖြစ်ပါတယ်။ အများမျှော်လင့်တောင့်တတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီး တစ်နည်း ရွှေပြည်တော်ကြီး အလွန်နီးနေပြီလို့ တင်စားပြောနိုင်ပြီလည်း ဖြစ်ပါတယ်။*

ချမ်းမြသော်၏ **"ရွှေပြည်တော်သစ်ကြီး မဝေးစေလိုပါ"**

(ဆောင်းပါး) စာမျက်နှာ–၆

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror

၂၅-၆-၂၀၀၆
(တနင်္ဂနွေနေ့)

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ကုန်ထုတ်လုပ်မှု တိုးတက်ရေးနှင့် အရည်အသွေးကောင်းမွန်ရေး အလေးထား

မြန်မာနိုင်ငံတွင် စက်မှုလက်မှုကဏ္ဍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုး တိုးတက်လာစေရန် ကြိုးပမ်းလျက်ရှိသည်။ နိုင်ငံပိုင် စက်မှုလုပ်ငန်း ကြီးများ၌ နည်းပညာ၊ အတတ်ပညာ၊ ထုတ်လုပ်မှုများ တိုးတက် လာစေရန် တီထွင်ကြံဆ ကြိုးပမ်းလျက်ရှိသကဲ့သို့ ပြန့်ကျဲနေသော ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းများကိုလည်း ပေါင်းစည်း၍ စက်မှုဇုန် များ တည်ထောင်ပေးထားသည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာနက စက်ရုံ၊ အလုပ်ရုံအသစ်များ တိုးချဲ့တည်ဆောက် လုပ်ကိုင်လျက်ရှိရာ ကျောက်ဆည်နယ်မြေတွင် ဘိလပ်မြေစက်ရုံ၊ အပ်ချုပ်စက်ရုံ၊ စွပ်ကျယ်စက်ရုံ၊ သကြားလုံးစက်ရုံ၊ ဖိနပ်စက်ရုံ၊ စက်ဘီးစက်ရုံ၊ ပလတ်စတစ်စက်ရုံ၊ လူသုံးကုန်ပစ္စည်း စက်ရုံများကို တစုတစည်းတည်း တွေ့ရှိနေရသည်။

ထို့အပြင် မန္တလေးစက်မှုဇုန်၊ မုံရွာစက်မှုဇုန်နှင့် အေးသာယာစက်မှု ဇုန်တို့၌ သံနှင့်သံထည်ပစ္စည်း ကိုင်တွယ်မှုလုပ်ငန်းများ လုပ်ကိုင်လျက် ရှိရာ စက်ပစ္စည်းအစိတ်အပိုင်းများ စတင်ထုတ်လုပ်နေပြီဖြစ်သည်။

အလားတူ အမှတ်(၂)စက်မှုဝန်ကြီးဌာနသည် အကြီးစားစက်မှု လုပ်ငန်းများကို အဓိကတာဝန်ယူ လုပ်ကိုင်လျက်ရှိရာ မူလတည်ဆောက် ထုတ်လုပ်လျက်ရှိသည့် စက်ရုံ၊ အလုပ်ရုံများအပြင် ပဲခူးမြို့နယ်၌ အဆင့်မြင့်နည်းပညာများသုံးစွဲ၍ အင်းတကော် စက်မှုနယ်မြေ အလုပ်ရုံ များ စီမံကိန်းကို တိုးချဲ့လုပ်ကိုင်လျက်ရှိသည်။ ယခုအခါ သံဘီးခွေ စက်ရုံ၊ ရေဒီယေတာစက်ရုံ၊ သတ္တုဘယ်ယာရင်စက်ရုံ၊ လက်တွန်း ထွန်စက်အင်ဂျင်စက်ရုံ၊ အင်းလက်နှင့် အိပ်ဇောဘားစက်ရုံ၊ ဘောဘယ် ယာရင် စက်ရုံ၊ သံရည်ကျိုစက်ရုံနှင့် အလူမီနီယမ်ဝါယာကြိုး ထုတ်လုပ် ရေးစက်ရုံတို့၌ စက်ပစ္စည်းများ ထုတ်လုပ်နေကြပြီဖြစ်သည်။

လယ်ယာကဏ္ဍကို အထောက်အကူပြုသည့် စက်မှုလုပ်ငန်းများ၊ လယ်ယာထွက်ကုန်ပစ္စည်းများကို အခြေခံသည့်စက်မှုလုပ်ငန်းများ၊ မော်တော်ယာဉ်ထုတ်လုပ်သော စက်မှုလုပ်ငန်းများ၊ ပလတ်စတစ်စက်မှု လုပ်ငန်းများနှင့် စက်ပစ္စည်းအစိတ်အပိုင်း ထုတ်လုပ်သည့် လုပ်ငန်း များလည်း ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်။

နိုင်ငံတော်က စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ခေတ်မီစက်ရုံ၊ အလုပ်ရုံများစွာကို ရင်းနှီးမြှုပ်နှံ အားပေးထူထောင် လျက်ရှိသည့် ကာလတွင် စက်ရုံ၊ အလုပ်ရုံတိုင်းက စက်စွမ်းအားပြည့် ထုတ်လုပ်ရေးနှင့် အရည်အသွေး ကောင်းမွန်သော ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး အလေးထားဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏ လိုအပ်ချက်ကို အပြည့်အဝဖြည့်ဆည်းပေးသွားနိုင်မည် ဖြစ်ပါသည်။ ။

## ဝါဆိုသင်္ကန်း ကပ်လှူမည်

**ရန်ကုန် ဇွန် ၂၄**

အင်းစိန်မြို့နယ် ရွာမပရိယတ္တိ စာသင်တိုက်ကြီး၌ စာချစာသင်သံဃာ တော်အပါး ၇၀၀ ကျော်တို့အား ဇူလိုင် ၉ ရက်(ဝါဆိုလပြည့်နေ့)တွင် (၂၇) ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲတွင် တစ်ပါးလျှင် သင်္ကန်းဒွိစုံ တစ်စုံစီ ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ စီဝိုင်စီ သင်္ကန်းတစ်စုံလျှင် ကျပ် ၅၀၀၀ နှုန်းဖြင့် ဖုန်း ၀၁-၆၄၀၀၇၅ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရ သည်။

(က-ပ)





# တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် ရန်ကုန်မြို့တော်ဝန် လမ်းများ အဆင့်မြှင့်ခင်းခြင်း လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် မြို့တော် ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း တို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်း အား ကွန်ကရစ်ကတ္တရာထပ်ပိုးလွှာ ခင်းကျင်းနေမှုကို ကြည့်ရှု စစ်ဆေး စဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၂၄

**ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ဇွန် ၂၃ရက် နံနက် ၆ နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းလမ်းသို့ ရောက်ရှိကြပြီး လမ်းတစ်လျှောက်၌ လမ်းဘေးရေနုတ်မြောင်း ဆယ်ယူရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးကြသည်။**

### ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးနှင့် ရန်ကုန် မြို့တော်ဝန်တို့သည် ဗိုလ်တထောင် မြို့နယ် သန်လျက်စွန်းရှိ ရန်ကုန်မြို့ တော်စည်ပင်သာယာရေး ကော်မတီ၏ ရေဆိုးသန့်စင် စက်ရုံသို့ ရောက်ရှိကြရာ စက်ရုံခန်းမ၌ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ ရေနှင့်သန့်ရှင်းမှု ဌာန ဌာနမှူး ဒေါက်တာ ထွန်းသန်း ထွန်းက စက်ရုံအတွင်း ရေဆိုးသန့်စင်မှု လုပ်ငန်း အဆင့်ဆင့်ကို ရှင်းလင်း တင်ပြပြီး တိုင်းမှူးနှင့် ရန်ကုန်မြို့တော်ဝန် တို့က လိုအပ်သည်များကို မှာကြားကြ ကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

### မှာကြား

ယင်းနောက် တိုင်းမှူးနှင့် ရန်ကုန် မြို့တော်ဝန်တို့သည် ကမာရွတ်မြို့နယ် နှင့် လှိုင်မြို့နယ်အစပ်နှင့် အင်းလျားကန် အနောက်ဘက်ခြမ်းရှိ ကမာရွတ်ချောင်း တစ်လျှောက်၌ရေစီးရေလာ ကောင်းမွန် စေရေးအတွက် အမှိုက်၊ ရွှံ့နှင့် နုန်းများ ဆယ်ယူ ရှင်းလင်းနေမှုကို လည်း ကောင်း၊ ကမာရွတ်မြို့နယ် အမှတ်(၂) ရပ်ကွက် မြကန်သာ(၂)လမ်း တစ် လျှောက်ရှိမြက်၊ ချုံနွယ်နှင့်အမှိုက်များ ခုတ်ထွင် ရှင်းလင်းနေမှုကို လည်း ကောင်း၊ မရမ်းကုန်းမြို့နယ် မင်းဓမ္မ လမ်းအား ကွန်ကရစ်ကတ္တရာ ထပ်ပိုး လွှာခင်းကျင်းနေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူ များအားလိုအပ်သည်များကို မှာကြား ကြသည်။

(သတင်းစဉ်)

# သာသနိကအဆောက်အအုံအတွက်လှူဒါန်းနိုင်

**ရန်ကုန် ဇွန် ၂၄**

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ် (၁၀)တံတားဖြူကန်လမ်း ကင်မွန်းခြံ လှိုင်မြင်းမိုရ်ရပ်ကွက်ရှိ ရတနာသိဃ် ပတ္တိယတ္တိစာသင်တိုက်သည် ကျောင်း တည်သက်တမ်း (၂၈)နှစ်ကျော်အတွင်း စာချ၊ စာသင် သံဃာတော်များ တိုးတက်များပြားလျက်ရှိရာ သာသနိ ကအဆောက်အအုံများ တိုးချဲ့နိုင်ရန် သဒ္ဓါကြည်လင်ပါရမီရှင်များ စုပေါင်း လျက် အလှူငွေ ကျပ်သိန်းနှစ်ရာ့ ငါးဆယ်ဖြင့် မတည်ဆောက်ရွက် လျက်ရှိသည်။ သာသနာပြုလှူဒါန်း လိုသော ပါရမီရှင်များသည် ကျောင်း တိုက်တည်ရှိရာသို့ လာရောက် လှူဒါန်း နိုင်ပြီး ဖုန်း-၅၂၇၆၃၃ ဖြင့်ဆက်သွယ် ၍လည်း အလှူငွေများ ကြိုတင်စာရင်း ပေးလှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

# အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ ဂုဏ်ပြုကြိုဆို၍ ဝင်ငွေခွန်ပေးအပ်

**ရန်ကုန် ဇွန် ၂၄**

အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မရမ်း ကုန်းမြို့နယ် သမဝါယမဦးစီးဌာနက ကြီးမှူးကျင်းပသော မြို့နယ်သမဝါယမ အသင်း လီမိတက်များ ဝင်ငွေခွန်၊ စာရင်းစစ်ကြေးနှင့် အသင်းမှတ်ပုံတင် ကြေးများ စုပေါင်းပေးအပ်ပွဲကို ဇွန် ၂၃ ရက်နံနက် ၁၀ နာရီက သမိုင်း ဘူတာရုံလမ်းရှိ ဂျီ-အီး-စီ (ပညာရေး) သမဝါယမအသင်း လီမိတက်တွင် ကျင်းပရာ မြို့နယ် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အုန်း၊ သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိ (မြို့နယ်) ဦးအောင်မိုး ကျော်၊ မြို့နယ် ပြည်တွင်း အခွန်များ ဦးစီးဌာန ဦးစီးအရာရှိ ဦးရော်မန်း၊ မြို့နယ်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမ အသင်းစုဥက္ကဋ္ဌ ဦးဘမြင့် နှင့် သမဝါယမ အသင်းလီမိတက်များ မှ ဥက္ကဋ္ဌများနှင့် ဒါရိုက်တာ အဖွဲ့ဝင် များ တက်ရောက်ကြပြီး ဝင်ငွေခွန်၊ စာရင်းစစ်ကြေးနှင့် အသင်းမှတ်ပုံ တင်ကြေးများကို သမဝါယမအသင်း လီမိတက် ကိုယ်စားလှယ်များက မြို့နယ်သမဝါယမဦးစီးဌာနနှင့် အခွန် ဦးစီးဌာနများသို့ စုပေါင်း ပေးအပ် ကြသည်။

### ဆုများချီးမြှင့်

အခမ်းအနားအပြီးတွင် မြို့နယ် အခြေခံပညာကျောင်းသား၊ ကျောင်းသူ များ စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တာဝန်ရှိသူများ က ဆုရရှိသူများအား ဆုများချီးမြှင့် ပေးအပ်သည်။ **(အပေါ်ဝဲပုံ)**

(က-ပ)



**ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ အခြေခံစီမံခန့်ခွဲမှု ဆင့်ပွားသင်တန်း (၂/၂၀၀၆) သင်တန်း ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၀ရက်က ကမာရွတ်မြို့နယ် အမှတ်(၃)အခြေခံပညာ အထက် တန်းကျောင်း၌ ကျင်းပရာ ရန်ကုန် အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်အုန်းမြင့် သင်တန်း ဖွင့်အမှာစကား ပြောကြားစဉ်။** (အမျိုးသမီးရေးရာ)





**တန်ဖိုးရှိလှ၊ လူငယ်ဘဝ မူးယစ်ကင်းစင်၊ ကျန်းမာမှု**

**▲ ရှေ့ဖုံးမှ**

ပုလဲအထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီနာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့က ဖဲကြိုးဖြတ်၍ ၂၀၀၆ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲတွင် တင်ဒါစနစ်၊ ဈေးပြိုင်စနစ်ဖြင့် ကျောက်စိမ်းများ ရောင်းချပွဲကို ဖွင့်လှစ်ပေးလိုက်ကြသည်။

ထို့နောက် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က စက်ခလုတ်နှိပ်၍ ၂၀၀၆ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲတွင် တင်ဒါစနစ်၊ ဈေးပြိုင်စနစ်ဖြင့် ကျောက်စိမ်းများရောင်းချပွဲ ဖွင့်ပွဲအထိမ်းအမှတ်ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**လှည့်လည်ကြည့်ရှု**

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ၌ တင်ဒါစနစ်၊ ဈေးပြိုင်စနစ်ဖြင့် ရောင်းချသွားမည့် အရည်အသွေးမီ ကျောက်စိမ်းများ မြေညီထပ်နှင့် အပေါ်ထပ်တို့တွင် ခင်းကျင်းပြသထားမှုနှင့် ပုဂ္ဂလိကရတနာအရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ပြပွဲဗဟိုကော်မတီဝင်များ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာကုန်သည်ကြီးများအသင်း ဖြစ်မြောက်ရေးကော်မတီဝင်များနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။ (သတင်းစဉ်)



**မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အရည်အသွေးမီ ကျောက်စိမ်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား ဒေဝူးဥက္ကဋ္ဌနှင့်အဖွဲ့ တွေ့ဆုံ

**နေပြည်တော် ဇွန် ၂၄**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား ဒေဝူး အင်တာနေရှင်နယ် ကော်ပိုရေးရှင်းဥက္ကဋ္ဌ Mr. Tae-Yong Leeနှင့် တာဝန်ရှိပုဂ္ဂိုလ်များသည် ယမန်နေ့ညနေ ၄နာရီတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့တွေ့ဆုံရာတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များလည်း တက်ရောက်သည်။ **(အောက်ပုံ)** (သတင်းစဉ်)



## ဂျီတီအိုင်ကျောင်းသားဟောင်းများ ဝါဆိုသင်္ကန်း ကပ်မည်

**ရန်ကုန် ဇွန် ၂၄**

ဂျီတီအိုင် ကျောင်းသား၊ ကျောင်းသူဟောင်းများ စုပေါင်း၍ ခြောက်ကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ဇူလိုင် ၂ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ရွှေကျင်နိကာယ သာသနာ့လင်္ကာရ မဟာဓမ္မဗိမာန်တော်ကြီးတွင် ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ဦးခင်ဇေ၊ ဖုန်း-၆၄၀၀၆၂ထံ ကြိုတင်ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

## အထက်မင်းလှမြို့နယ်အသင်း ဝါဆိုသင်္ကန်း ကပ်လှူပူဇော်မည်

**ရန်ကုန် ဇွန် ၂၄**

အထက်မင်းလှမြို့နယ်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန် ဆုပေးပွဲနှင့် နှစ်ပတ်လည် အစည်းအဝေးကို ဇူလိုင် ၂ရက်(တနင်္ဂနွေနေ့)နံနက် ၈နာရီတွင် မင်းလှဓမ္မရိပ်သာကျောင်း (ဗဟန်းဈေးအနီး)၌ ကျင်းပမည်ဖြစ်သည်။ အသင်းသူ၊ အသင်းသားများ ဇွန် ၂၉ ရက် နောက်ဆုံးထား၍ ဦးစံမြင့် ဖုန်း-၂၂၆၂၈၁၊ ဦးလှတင့် ဖုန်း-၇၂၆၈၆၆၊ ဦးမြင့်သိန်း ဖုန်း- ၅၅၆၁၆၃၊ ဦးဘိုမောင် ဖုန်း- ၅၆၂၅၅၂နှင့် ဦးမျိုးညွန့်ဦး ဖုန်း- ၅၄၉၁၁၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

# နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း ခရိုအေးရှားအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၂၅

**၂၀၀၆ခုနှစ် ဇွန် ၂၅ရက်တွင် ကျရောက်သည့် ခရိုအေးရှား သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ခရိုအေးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ဥရောပပေါင်းစည်းရေးဝန်ကြီး မစ်(စ်)ကိုလင်ဒါ၊ ဂရောဘာ-ကီတာရိုဗစ်(ချ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။**

(သတင်းစဉ်)

**ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူး၍ အင်းစိန်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းပြုလုပ်သည့် ဆယ်အိမ်စုမှူး ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၁ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးခန်းမ၌ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စောရွှေ အမှာစကားပြောကြားစဉ်။** (၆၁)





**✻ အထူးရတနာရောင်းချပွဲမှ**

ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် စတင်ရောင်းချရာ ညနေ ၄နာရီအထိ ကျောက်စိမ်းအတွဲပေါင်း ၁၈၀ကို ယူရိုငွေဖြင့် ရောင်းချရသည်။

အထူးကျောက်စိမ်းအတွဲများရောင်းချပွဲတွင် ကျောက်စိမ်း ၂၈၆၂တွဲကို တင်ဒါစနစ်ဖြင့် လည်းကောင်း၊ ကျောက်စိမ်းအတွဲ ၃၅၆ တွဲကို ဈေးပြိုင်စနစ်ဖြင့် လည်းကောင်း ဇူလိုင် ၄ရက်အထိ ယူရိုငွေဖြင့် ရောင်းချသွားမည်ဖြစ်သည်။ (သတင်းစဉ်)

# မဏ္ဍလာကံယုံကျောင်း ဝါဆိုသင်္ကန်းကပ်မည်

**ရန်ကုန် ဇွန် ၂၄**

ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်း မဏ္ဍလာကံယုံကျောင်း သာသနာ့လင်္ကာရ ပရိယတ္တိစာသင်တိုက်တွင် ဝါဆိုဝါကပ်တော်မူကြမည့် ပဓာနနာယက ဆရာတော် အမှူးပြုသော စာသင်၊စာချ သံဃာတော်တို့အား ဂေါပကအဖွဲ့မှ ကြီးမှူး၍ (၁၀)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၉ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ ဒါယကာ၊ဒါယိကာမများ၊ အလှူရှင်များနှင့် ရန်ကုန်မြို့ရောက် မောင်တော မြို့နယ်သူ၊မြို့နယ်သားများ ကိုယ်တိုင် ဆက်ကပ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၂၃)




# မြဝတီရုပ်မြင်သံကြားအစီအစဉ်

## ၂၅-၆-၂၀၀၆ (တနင်္ဂနွေနေ့)

### နံနက်ပိုင်း

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈း၀၀ | ၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၅ | ၉။ | **ဆရာတော်ဦးဃောသိတ တရားတော်** - ကံလေးမျိုးတရားတော် |
| ၉း၁၅ | ၁၀။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၉း၁၆ | ၁၁။ | အပိတ်နှုတ်ဆက်စကား |
| ၉း၁၇ | ၁၂။ | ပြီးပါပြီ။ |

### နေ့လယ်ပိုင်း

| | | |
|---|---|---|
| ၁၂း၀၀ | ၁။ | မြဝတီအဖွင့် |
| ၁၂း၀၅ | ၂။ | အဖွင့်သီချင်း |
| ၁၂း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၁၂း၂၀ | ၄။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၁၂း၃၀ | ၅။ | **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် -ကွဲပြားခြားနားချစ်ခြင်းများ** |
| ၁း၅၀ | ၆။ | ဖွံ့ဖြိုးသာယာ ပြည်မြန်မာ |
| ၁း၅၉ | ၇။ | အပိတ်နှုတ်ဆက်စကား |
| ၂း၀၀ | ၈။ | ပြီးပါပြီ။ |

### ညပိုင်း

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၄း၂၀ | ၄။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅း၀၀ | ၅။ | အမေးကမ္ဘာတွေးစရာ |
| ၆း၀၀ | ၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၇။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၈။ | မိုးလေဝသသတင်း |
| ၆း၂၅ | ၉။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆း၃၅ | ၁၀။ | အံ့သြဖွယ်ရာဆပ်ကပ်ပညာ |
| ၆း၄၀ | ၁၁။ | လျှပ်တစ်ပြက်ရိုက်ချက် |
| ၇း၀၀ | ၁၂။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မြက်ခင်းစိမ်းနဲ့အိမ်ကလေး (အပိုင်း-၃၉)** |
| ၈း၀၀ | ၁၃။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၄။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၅။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၁၆။ | FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ - England Vs Ecuador (Live) |
| | ၁၇။ | သင့်အတွက်မနက်ဖြန် |
| | ၁၈။ | အပိတ်နှုတ်ဆက်စကား |
| | ၁၉။ | ပြီးပါပြီ။ |

၂၆-၆-၂၀၀၆ ရက်
နံနက်ပိုင်း ၀၁း၃၀ နာရီ
FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ -
Portugal Vs Netherland (Live)



ဟောင်ကောင်၌ကျင်းပလျက်ရှိသည့် လက်ဝတ်ရတနာပြပွဲ၌ ခင်းကျင်းပြသထားသည့် ဆိုင်ခန်းတစ်နေရာကို ဇွန် ၂၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# တရုတ်ကျေးလက်ဒေသတွင် ငလျင်ဒဏ်ခံအိမ်ရာများ ဆောက်လုပ်ပြီးစီး

အူရွန်ကွီ ဇွန် ၂၃

**တရုတ်နိုင်ငံအနောက်မြောက်ပိုင်း စင်ကျန်းအူဂွာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် ငလျင်ကြောအတွင်း ကျရောက်နေပြီး ထိုဒေသတွင် စုစုပေါင်း လူဦးရေ ၂ ဒသမ ၄၈ သန်းနေထိုင်ကြကြောင်း၊ ပြီးခဲ့သော နှစ်နှစ်တာကာလတွင် ငလျင်ဒဏ်ခံနိုင်သောအိမ်ရာများသို့ ပြည်သူများပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း ဒေသဆိုင်ရာအစိုးရက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။**

အမျိုးသားလုပ်ငန်း အစီအစဉ်ဖြင့် တရုတ်နိုင်ငံ အနောက်ပိုင်းရှိ ခရိုင်နှင့် မြို့ ၈၈ ခုတွင် လွန်ခဲ့သော နှစ်နှစ်တွင် ငလျင်ဒဏ်ခံအိမ် ၅၉၆၀၀၀ လုံးကို ဆောက်လုပ်ပြီးစီးခဲ့ကြောင်း ကျေးလက်ဒေသတွင် ငလျင်ဒဏ်ခံအိမ်များ ဆောက်လုပ်ခြင်း အမျိုးသားလုပ်ငန်း အစည်းအဝေးပိတ်ပွဲတွင် ဒေသဆိုင်ရာအစိုးရအဖွဲ့ ဒုတိယဥက္ကဋ္ဌ နူလန်အာဘူဒူမန်ကျန်က ပြောကြားခဲ့သည်။

ငလျင်ဒဏ်ခံအိမ်များ ဆောက်လုပ်ရာတွင် ယွမ်ငွေ ၁၁ ဒသမ ၇၄၅ ဘီလီယံ သုံးစွဲခဲ့သည်။ ထိုငွေများကို ဗဟိုနှင့် ဒေသဆိုင်ရာ အစိုးရများမှ မတည်ငွေ ယွမ် ၈၆၉ သန်းနှင့် လယ်ယာနှင့် မွေးမြူရေး လုပ်ငန်းများမှ ယွမ် ၁၀ ဒသမ ၂ ဘီလီယံ သုံးစွဲသည်။

ယခင်နှစ်က ပီရှန်ခရိုင်နှင့် မိုယူခရိုင်တို့တွင် ပြင်းအား ၅ ဒသမ ၂ အဆင့်ရှိ ငလျင်နှင့် ဂူရှီခရိုင်တွင် ပြင်းအား ၆ ဒသမ ၂ ရှိ ငလျင်တို့ လှုပ်ခဲ့ရာ ငလျင်ဒဏ်ခံ ဆောက်လုပ်ထားသောအိမ်များမှာ မူလအတိုင်းပင် ကျန်ရှိကြောင်း ၎င်းက ပြောကြားသည်။

ပြီးခဲ့သော ရာစုနှစ်မှစတင်၍ စင်ကျန်းဒေသတွင် ပြင်းအား ၆ နှင့် အထက်ရှိ ငလျင် ၁၀၅ ကြိမ် လှုပ်ခဲ့သည်။ ဘာချုနှင့် ဂျာရှီခရိုင်တို့တွင် ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြင်းအား ၆ ဒသမ ၈ အဆင့်ရှိ ငလျင်လှုပ်မှုကြောင့် လူ ၂၆၈ ဦးသေဆုံးပြီး စီးပွားရေးအရ ယွမ် ၁ ဒသမ ၃၇ ဘီလီယံ ဆုံးရှုံးခဲ့သည်။ စင်ကျန်းဒေသသည် ငလျင်မကြာခဏ လှုပ်ရာအရပ်ဒေသဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

## လျှပ်စီးလက်နေချိန် အိမ်ပြင်ပ၌ မိုဘိုင်းလ်ဖုန်းမသုံးသင့်

**လန်ဒန် ဇွန် ၂၄**

ပြည်သူများအနေဖြင့် မိုးကြိုးမုန်တိုင်းကျရောက်နေချိန်အတွင်း အိမ်ပြင်ပတွင် မိုဘိုင်းလ်ဖုန်း အသုံးမပြုသင့်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် မိုးကြိုးပစ်နိုင်သည့် အန္တရာယ်ရှိနေခြင်းကြောင့်ဖြစ်ကြောင်း သောကြာနေ့ထုတ် ဗြိတိသျှဆေးပညာဂျာနယ်တွင် ဆရာဝန်များက ရေးသားဖော်ပြသည်။

ဗြိတိန်နိုင်ငံတွင် အသက်(၁၅)နှစ်အရွယ်ရှိ အမျိုးသမီးတစ်ဦးသည် မုန်တိုင်းကျရောက်နေစဉ် လန်ဒန်ရှိ ပန်းခြံတစ်ခုအတွင်း မိုဘိုင်းလ်ဖုန်း အသုံးပြုခဲ့ရာ မိုးကြိုးပစ်ခံရသည့်ဖြစ်ရပ်နှင့် ကြုံတွေ့ခဲ့ရကြောင်း လန်ဒန်အနောက်မြောက်ပိုင်း နော့ဝစ်ချ်ပါ့ခ်ဆေးရုံမှ ဆရာဝန်များက ပြောကြားခြင်းဖြစ်သည်။ ၎င်းအမျိုးသမီးသည် အသက် အန္တရာယ်ဖြင့် ကြုံတွေ့ခြင်းမရှိခဲ့သော်လည်း နာတာရှည်ရောဂါခံစားခဲ့ရပြီး ဘီးတပ်ကုလားထိုင်ဖြင့်သာ သွားလာလှုပ်ရှားနေခဲ့ရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

## အာဖဂန်နစ္စတန်တွင် ကန်တပ်ဖွဲ့ဝင်လေးဦးသေဆုံး

**ကဘူး ဇွန် ၂၃**

အမေရိကန် တပ်ဖွဲ့ဝင်များသည် အာဖဂန်နစ္စတန်နိုင်ငံတွင် တာလီဘန်ပြောက်ကျားများနှင့် အပြန်အလှန်ပစ်ခတ်တိုက်ခိုက်ကြစဉ်အတွင်း အမေရိကန်တပ်ဖွဲ့ဝင်လေးဦး သေဆုံးခဲ့ပြီး အခြားတပ်ဖွဲ့ဝင်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်က ကြာသပတေးနေ့တွင် ပြောကြားလိုက်သည်။

အာဖဂန်စ္စတန်နိုင်ငံတွင် ယခုနှစ်တွင် အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သဖြင့် လူ ၁၀၀၀ ကျော် သေဆုံးခဲ့ပြီး တာလီဘန်အစိုးရ ပြုတ်ကျပြီးသည့်နောက်ပိုင်း အဆိုးရွားဆုံးသော အကြမ်းဖက် တိုက်ခိုက်မှုဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***






အိန္ဒိယနိုင်ငံ မြို့တော်နယူးဒေလီ၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလှုပ်ရှားသူများက သိုးများနှင့် နွားများကဲ့သို့ ဝတ်ဆင်ကာ ကန့်ကွက်ဆန္ဒပြနေသည်ကို ဇွန် ၂၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# အမေရိကန်က ဘီလာရုစ်နိုင်ငံအပေါ်ကန့်သတ်မှု ရုရှား အထက်လွှတ်တော်အမတ်များ ဝေဖန်

**မော်စကို ဇွန် ၂၃**

အမေရိကန်က ဘီလာရုစ်နိုင်ငံမှ တာဝန်ရှိ ပုဂ္ဂိုလ်များအပေါ် ကန့်သတ်မှုများ ပြုလုပ်မှုကို ရုရှားအထက်လွှတ်တော်မှ အမတ်များက အပြင်းအထန်ဝေဖန်ကြပြီး ယင်းဒဏ်ခတ်မှု အစီအစဉ်များသည် စစ်အေးကာလက ပြုလုပ်ခဲ့သည့် ပုံစံမျိုးသာဖြစ်ကြောင်း ပြောကြားကြသည်။

**ပိတ်ပင်**

ဘီလာရုစ်နိုင်ငံ၏ သမ္မတ အလက်ဇန်းဒါးလူကာရှင်ကိုနှင့် ယင်းနိုင်ငံ၏ တာဝန်ရှိပုဂ္ဂိုလ်အချို့၏ ဥစ္စာပစ္စည်းများကို အမေရိကန်ပြည်ထောင်စုတွင် ထိန်းချုပ်ထားကြောင်း အမေရိကန် ဘဏ္ဍာရေးဝန်ကြီးဌာနက တနင်္လာနေ့တွင် ကြေညာခဲ့သည်။ လူကာရှင်ကို သမ္မတသက်တမ်း တတိယအကြိမ်အဖြစ် ဆက်လက်အောင်ပွဲခံခဲ့ပြီးသည့်နောက် ၎င်းအပါအဝင် ဘီလာရုစ်နိုင်ငံမှ တာဝန်ရှိပုဂ္ဂိုလ်အချို့တို့ကို အမေရိကန်နှင့် ဥရောပသမဂ္ဂက ပြည်ဝင်ခွင့်ဗီဇာကို မေလအတွင်းက ပိတ်ပင်ထားခဲ့သည်။

ယင်းမူဝါဒသည် ရယ်စရာကောင်းလှကြောင်း၊ ဘီလာရုစ်အစိုးရအနေဖြင့် အမေရိကန်နှင့် ဆက်နွှယ်စရာလမ်းမရှိကြောင်း၊ ဘဏ္ဍာငွေကြေးများလည်း ယင်းနိုင်ငံတွင် အပ်နှံထားခြင်းမရှိကြောင်း ဖက်ဒရေးရှင်းကောင်စီဥက္ကဋ္ဌ ဗာဒင်ဂတ်စတော့၏ ပြောကြားချက်ကို အီတာတာ့စ်သတင်းဌာနက ကိုးကား၍ဖော်ပြသည်။ ကြေညာချက်အားလုံး၊ ကန့်သတ်အရေးယူမှုများ၊ အမေရိကန်နှင့် ဥရောပမှ ဘီလာရုစ်ဆန့်ကျင်ရေး ညွှန်ကြားချက်များသည် စစ်အေးကာလ၏ လုပ်ရပ်များပင်ဖြစ်ကြောင်း နိုင်ငံတကာရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ ဗာဆီလီလစ်ဟာချက်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



အင်ဒိုနီးရှားနိုင်ငံ ဆုမတြားကျွန်းအလွန်တွင် သင်္ဘောနစ်မြုပ်ရာမှ အသက်ရှင်ကျန်ရစ်သူ အမျိုးသမီးတစ်ဦးအား ဇွန် ၂၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုး မော်ကွန်းတိုက်မှ ရှားပါးပစ္စည်းအချို့ အခိုးခံရ

**ရီယိုဒီဂျနေးရိုး ဇွန် ၂၃**

သမိုင်းဝင် မှတ်တမ်းမှတ်ရာများ၊ မြေပုံများနှင့် ဓာတ်ပုံများထိန်းသိမ်းစောင့်ရှောက်ထားသည့် ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုး မော်ကွန်းတိုက်မှ အဖိုးအနဂ္ဃထိုက်တန်သည့် ပစ္စည်းများအခိုးခံရကြောင်း အဆိုပါမြို့၏ မြို့တော်ဝန်ရုံးက ဗုဒ္ဓဟူးနေ့တွင် ကြေညာသည်။

ယင်းမော်ကွန်းတိုက်မှ ရှားပါးလှသည့် မြေပုံများနှင့် ဓာတ်ပုံများအခိုးခံရကြောင်း အဆိုပါ မော်ကွန်းတိုက်၏ ညွှန်ကြားရေးမှူး ဘီထရာစ်ကုရှ်နာက ပြောကြားသည်။ သို့ရာတွင် ခိုးယူခံရသည့် ပစ္စည်းအရေအတွက် တိတိကျကျ ပြောကြားခြင်းမရှိပေ။ မော်ကွန်းတိုက်မှ ဝန်ထမ်းများက လက်ကျန်ပစ္စည်းစာရင်း အသေးစိတ်စစ်ဆေးနေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မော်ကွန်းတိုက်မှ ပစ္စည်းစာရင်းတွင် ပါဝင်သည့် ရှားပါးပစ္စည်းများကို လာရောက်ရောင်းချပါက ပစ္စည်းစုဆောင်းသူများနှင့် လေလံဆွဲသူများအနေဖြင့် မြို့တော်ဝန်ရုံးသို့ သတင်းပေးပို့ရန် ကုရှ်နာက ထပ်လောင်းပြောကြားသည်။

မော်ကွန်းတိုက်မှ ပစ္စည်းများသည် သမိုင်းဝင်တန်ဖိုးရှိ ပစ္စည်းများဖြစ်၍ ယင်းပစ္စည်းများ အခိုးခံရမှုအပေါ် မိမိအနေဖြင့် စိတ်ပျက်တုန်လှုပ်မိကြောင်း၊ မော်ကွန်းတိုက်မှပစ္စည်းသည် မော်ကွန်းတိုက်မှ ပိုင်ဆိုင်သည့်ပစ္စည်းများဖြစ်၍ ပြည်သူများက ခိုးရာပါပစ္စည်းများ ဝယ်ယူပါက ဥပဒေနှင့်ညီညွတ်မှု မရှိကြောင်း ၎င်းက ပြောကြားသည်။

**စစ်ဆေးမေးမြန်း**

ဘရာဇီးရဲတပ်ဖွဲ့က ယင်းပစ္စည်းများ ပျောက်ဆုံးမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးနေပြီး မော်ကွန်းတိုက်မှ ဝန်ထမ်းများကို ကြာသပတေးနေ့တွင် စတင်စစ်ဆေးမေးမြန်းနေသည်။

ယင်းမော်ကွန်းတိုက်တွင် လုံခြုံရေးစနစ် ဆောင်ရွက်ခြင်းမရှိမီ ရက် ၄၀ အတွင်း ယင်းကဲ့သို့ ခိုးယူခံခဲ့ရခြင်း ဖြစ်သည်။ ယင်းမော်ကွန်းတိုက်တွင် စောင့်ကြည့်လေ့လာသည့် ဗီဒီယို တပ်ဆင်ထားသော လုံခြုံရေးစနစ် မရှိသေးပေ။ ***အမ်အင်အေ၊ဆင်ဟွာ။***




ဂျပန်နိုင်ငံ မြို့တော်တိုကျို၌ အီရတ်စစ်ပွဲဆန့်ကျင်ရေး ဆန္ဒပြပွဲကို ဇွန် ၂၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

# အရှေ့တောင်အာရှနှင့် ဥရောပ အိုင်စီတီ ဆွေးနွေးပွဲကျင်းပ

စင်ကာပူ ဇွန် ၂၃

**အရှေ့တောင်အာရှနှင့် ဥရောပနိုင်ငံများ၏ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (အိုင်စီတီ) ဖိုရမ် ဆွေးနွေးပွဲကို စင်ကာပူနိုင်ငံ ရှန်ဂရီလာဟိုတယ်တွင် ဇွန် ၂၀ရက်က ဖွင့်လှစ်လိုက်သည်။**

အရှေ့တောင်အာရှနှင့် ဥရောပနိုင်ငံများရှိ အစိုးရအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းများနှင့် သုတေသနအဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၈၀၀ ကျော်တက်ရောက်သည့် ယင်းဖိုရမ်ဆွေးနွေးပွဲကို နှစ်ရက်ကြာကျင်းပသည်။

နိုင်ငံပေါင်း ၆၀မှ ကိုယ်စားလှယ်များတက်ရောက်သည့် ဖိုရမ်ဆွေးနွေးပွဲတွင် အိုင်စီတီ မူဝါဒများနှင့် သက်ဆိုင်နေသော ပြဿနာများ၊ အိုင်စီတီ စည်းမျဉ်းများနှင့် သုတေသနလုပ်ငန်းများစသည်တို့နှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးတွင်သတင်းအချက်အလက်နည်းပညာများကို အသုံးပြု၍ အဝေးဆက်သွယ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများပြဋ္ဌာန်းနိုင်ရန် အခြေခံမူများ ချမှတ်ခြင်း၊ အီး–အစိုးရအဖွဲ့ (e-Government) စသည့် အကြောင်းရပ်များနှင့် ပတ်သက်၍လည်း ဆွေးနွေးကြသည်။

***အင်တာနက်။***




# အီရတ်တစ်ဦးကို သတ်ဖြတ်မှုဖြင့် ကန်တပ်ဖွဲ့ဝင်ရှစ်ဦးအား စွဲချက်တင်

ဝါရှင်တန် ဇွန် ၂၃

အီရတ်အရပ်သားတစ်ဦးကိုယခုနှစ်ဧပြီ ၂၆ ရက်က သတ်ဖြတ်ခဲ့သည့်အမှုဖြင့် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်ခုနစ်ဦးနှင့် ရေတပ်သား တစ်ဦးတို့ကို အမေရိကန်မရိန်းတပ်ဖွဲ့က ဗုဒ္ဓဟူးနေ့တွင် စွဲချက်တင်လိုက်သည်။

**စွဲချက်တင်**

၎င်းတပ်ဖွဲ့ဝင်ရှစ်ဦးသည် ပြန်ပေးဆွဲမှု၊ ပူးပေါင်းကြံစည်မှုနှင့် မှားယွင်းသည့် သတင်းထုတ်ပြန်မှုများ ပြုလုပ်မှုဖြင့်လည်း စွဲချက်တင်ခံထားရကြောင်း ကာလီဖိုးနီးယားပြည်နယ် ပင်ဒယ်တန်စခန်းရှိ မရိန်းတပ်ဖွဲ့က ထုတ်ပြန်သည့် ကြေညာချက်အရ သိရှိရသည်။

၎င်းတပ်ဖွဲ့ဝင်များသည် ပင်ဒယ်တန်အခြေစိုက် အမှတ်(၅) မရိန်းတပ်ရင်းမှဖြစ်ကြပြီး လက်နက်ကိုင်ဆောင်ခြင်း မရှိသည့် အီရတ် အရပ်သားတစ်ဦးကို ၎င်း၏နေအိမ်မှ ဆွဲထုတ်သွားကာ ရန်စမရှိဘဲ ဟမ်ဒါနီယာမြို့တွင် ပစ်သတ်ခဲ့သည်ဟုလည်း အစွပ်စွဲခံထားရသည်။

အခြား ဖြစ်ရပ်တစ်ခုတွင် အီရတ်နိုင်ငံအနောက်ပိုင်းဒေသရှိ ဟာဒီသာမြို့တွင် လွန်ခဲ့သည့်နှစ် နိုဝင်ဘာ ၁၉ ရက်က အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အရပ်သား ၂၄ ဦးကို သတ်ဖြတ်ခဲ့သည်ဟုလည်းစွပ်စွဲထားသည်။ အီရတ်အရပ်သားများ သေဆုံးမှု မှားယွင်းကြောင်း စွပ်စွဲချက်များအပေါ် စုံစမ်းစစ်ဆေးလျက်ရှိနေပြီးအမေရိကန်စစ်ဘက်က ယင်းစွပ်စွဲချက်များကို ဖုံးကွယ်ထားဖွယ်ရှိသည်ဟုသိရသည်။***အမ်အင်အေ၊ဆင်ဟွာ။***

**ဗင်နီဇွဲလားနိုင်ငံ မာရာကိုင်ဘိုဒေသရှိ ရေနံချက်စက်ရုံတစ်ရုံကို ဇွန် ၂၃ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ–အင်တာနက်)



# တရုတ်တွင် မိုဘိုင်းလ်ဖုန်းသုံးစွဲသူ သန်း ၄၂၀ ကျော်ရှိ

**ပေကျင်း ဇွန် ၂၃**

တရုတ်နိုင်ငံတွင်မိုဘိုင်းလ်ဖုန်း သုံးစွဲသူပေါင်းသည် မေလကုန်ပိုင်းအထိ သန်း ၄၂၀ ကျော်ရှိကြောင်း သတင်းနှင့်နည်းပညာဝန်ကြီးဌာနက ဗုဒ္ဓဟူးနေ့တွင် ထုတ်ပြန်ခဲ့သည်။

မိုဘိုင်းလ်ဖုန်းဗုဒ္ဓဟူးရမ်းသုံးစွဲသူများသည် ငါးလတာကာလတွင် ၂၇ ဒသမ ၃၉ သန်း တိုးတက်များပြားလာကြောင်း၊ ကြိုးဖုန်းသုံးစွဲသူထက် နှစ်ဆပိုမိုလာကြောင်း ဖော်ပြထားသည်။

ယမန်နှစ်တွင် မိုဘိုင်းလ်ဖုန်းသုံးစွဲသူဦးရေသည် ပျမ်းမျှအားဖြင့် လစဉ်သုံးသန်းမှ လေးသန်းအကြား များပြားလာကြောင်း အဆိုပါ ဝန်ကြီးဌာနက ပြောကြားသည်။

၂၀၀၃ ခုနှစ် အောက်တိုဘာလတွင် ကြိုးဖုန်းသုံးစွဲသူများပြားချိန်ကတည်းက တရုတ်နိုင်ငံတွင် မိုဘိုင်းလ်ဖုန်းသုံးစွဲသူသည် များပြားနေသည်။

**များပြားလာ**

မိုဘိုင်းလ်ဖုန်းသုံးစွဲသူ များပြားလာမှုနှင့်အတူ သတင်းအချက်အလက်သုံးစွဲသူ ဦးရေသည်လည်း များပြားလာသည်။ သတင်းပေးပို့ သုံးစွဲသူဦးရေသည် ယမန်နှစ် ပထမငါးလတာကာလကထက် ၄၆ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်လာသည်။

ယခုနှစ် ဇန်နဝါရီမှ မေလအထိ တရုတ်နိုင်ငံ စာတိုက်နှင့် ကြေးနန်းဆက်သွယ်ရေးလုပ်ငန်း၏ စုစုပေါင်းဝင်ငွေသည် ယွမ် ၂၈၇ ဒသမ ၈၂ ဘီလီယံရရှိကြောင်း၊ ယမန်နှစ်ကထက် ၁၁ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ဝန်ကြီးဌာနက ဖော်ပြသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# အင်ဒိုနီးရှား၌ မြေပြိုမှုနှင့် ရေကြီးမှုများဖြစ် ၁၈၈ဦးသေဆုံး

**ဂျကာတာ ဇွန် ၂၃**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်း ဆူလာဝေစီကျွန်း၌ ယခုရက်သတ္တပတ်တွင် မြေပြိုမှုနှင့် ရေကြီးမှုများ ဖြစ်ပွားခြင်းကြောင့် သေဆုံးသူဦးရေ ၁၈၈ဦးရှိပြီး ပျောက်ဆုံးနေသူ ၁၄၅ဦးရှိကြောင်း တာဝန်ရှိသူတစ်ဦးက ကြာသပတေးနေ့တွင် ပြောကြားသည်။

ဆူလာဝေစီပြည်နယ်တောင်ပိုင်း၌ ရက်သတ္တပတ်အစတွင် နှစ်ရက်ကြာ မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း၊ ဆန်ဂျာဒေသတွင် ရေကြီးမှုအဆိုးရွားဆုံးဒေသဖြစ်ကြောင်း ရဲတပ်ဖွဲ့နှင့် ဘေးအန္တရာယ် ကယ်ဆယ်ရေးတာဝန်ရှိသူများက ပြောကြားသည်။

***အမ်အင်အေ၊ ရိုက်တာ။***

**တရုတ်နိုင်ငံ ရှန်ဟိုင်း တုန်ဂျီ တက္ကသိုလ်အောက်ရှိ မော်တော်ယာဉ်ကောလိပ်က တီထွင်ထုတ်လုပ်ထားသည့် ဟိုက်ဒရိုဂျင်လောင်စာဆဲလ်သုံး ခေတ်မီ ကားတစ်စီးကို ဇွန် ၂၂ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ–အင်တာနက်)



# ထိုင်းနိုင်ငံမြောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်း

**ဗန်ကောက် ဇွန် ၂၃**

ထိုင်းနိုင်ငံတွင် မေလအတွင်းက ရေလွှမ်းမှုအကြီးအကျယ်ဖြစ်ပွားခဲ့သည့် ဥတ္တရာဒစ်ပြည်နယ် လက်ဘလေခရိုင်တွင် ရေကြီးပြီး မြေပြိုမှုများ ထပ်မံဖြစ်ပွားနိုင်သဖြင့် ဒေသခံပြည်သူများနှင့် ၎င်းတို့၏ ပစ္စည်းဥစ္စာများကို ကုန်းမြင့်ဒေသများဆီသို့ ရွှေ့ပြောင်းပေးနေကြောင်း ထိုင်းသတင်းဌာနက ကြာသပတေးနေ့တွင် ဖော်ပြသည်။

ဥတ္တရာဒစ်ပြည်နယ်မှ တာဝန်ရှိပုဂ္ဂိုလ်များက ၂၄ နာရီအတွင်း မိုးရေချိန် ၅၀ မီလီမီတာကျော်သည်အထိ မိုးရွာသွန်းနေပါက ဒေသခံများကို လုံခြုံဘေးကင်းသည့် နေရာများဆီသို့ ချက်ချင်းပြောင်းရွှေ့ပေးရန် စီစဉ်လျက်ရှိသည်။

လွန်ခဲ့သည့်လအတွင်း မြေပြိုမှုနှင့် ရေကြီးမှုများ ဖြစ်ပွားမှုကြောင့် လက်ဘလေဖနောင်မက်မြို့နေ ပြည်သူအချို့သည် ၎င်းတို့၏ပစ္စည်းများကို အိမ်သို့ပြန်လည် ယူဆောင်ခြင်း မရှိကြသေးဟု သတင်းဌာနက ပြောကြားသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

# ဘရာဇီး မူးယစ်ဆေးဝါးတိုက်ဖျက်မှု ရော်နယ်လ်ဒင်ဟိုအား စံနမူနာပြုစည်းရုံး

**ရီယိုဒီဂျနေးရိုး ဇွန် ၂၃**

ဘရာဇီးနိုင်ငံ၏ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလှုပ်ရှားမှုတွင် နိုင်ငံ့လက်ရွေးစင်ဘောလုံးသမားအား စံနမူနာထားကာ စည်းရုံးလှုံ့ဆော်လျက်ရှိသည်။

ဘရာဇီးလူငယ်ထုအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှု မရှိစေရေးအတွက် လက်ရွေးစင်ဘောလုံးသမား ရော်နယ်လ်ဒင်ဟိုအား စံနမူနာထားကာ စည်းရုံးလှုံ့ဆော်နေကြောင်း အမျိုးသားမူးယစ်ဆေးဝါးတိုက်ဖျက်ရေးလှုပ်ရှားမှု အစီအစဉ်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဘရာဇီးလူငယ်များသည် မူးယစ်ဆေးဝါးနှင့် ပတ်သက်လျှင် ရှောင်လေဝေးဝေးမူးယစ်ဆေးဟူသော အသိအမြင် စွဲထင်ရန် စည်းရုံးလှုံ့ဆော်ပေးရန် လိုအပ်ကြောင်း၊ မူးယစ်ဆေးဝါးကင်းစင်သော လူ့အဖွဲ့အစည်းဖြစ်ရန် မျှော်မှန်းကြောင်း ဘရာဇီးအမျိုးသား မူးယစ်ဆေးဝါး တိုက်ဖျက်ရေး အတွင်းဝန်ပေါ်လိုအူချိုက ပြောကြားသည်။

***အင်တာနက်။***

# တစ်နှစ်လျှင် နျူကလီးယား ထိပ်ဖူးအလုံး ၅၀ အိန္ဒိယနိုင်ငံထုတ်လုပ်နိုင်စွမ်းရှိ

**နယူးဒေလီ ဇွန် ၂၃**

အိန္ဒိယနိုင်ငံသည် တစ်နှစ်လျှင် နျူကလီးယားထိပ်ဖူးအလုံး ၅၀ခန့်အထိ ထုတ်လုပ်နိုင်စွမ်းရှိကြောင်းထောက်လှမ်းရေး အရာရှိဟောင်းတစ်ဦးက ဇွန် ၂၃ ရက်တွင် ပြောကြားသည်။

အိန္ဒိယနှင့် အမေရိကန်တို့၏ နျူကလီးယား သဘောတူညီချက်အရ အိန္ဒိယနိုင်ငံသည် နျူကလီးယား ဓာတ်ပေါင်းဖိုကို ဆက်လက်ထိန်းသိမ်းခွင့်ရှိကြောင်း၊ အိန္ဒိယနိုင်ငံသည် နျူကလီးယားထိပ်ဖူးများကို ထုတ်လုပ်နိုင်စွမ်းရှိကြောင်း အိန္ဒိယအစိုးရ အဖွဲ့အတွင်းဝန်ချုပ်ရုံးတွင် လက်ထောက်ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဂျေကေဆင်းက ပြောကြားသည်။

အိန္ဒိယနိုင်ငံသည် တစ်နှစ်လျှင် လက်နက်ထုတ်လုပ်နိုင်သော အဆင့်ရှိ ပလူတိုနီယမ် ကီလိုဂရမ် ၁၃၀ ကို ထုတ်လုပ် နိုင်စွမ်းရှိကြောင်း အိန္ဒိယကာကွယ်ရေး သုံးသပ်ချက်စာစောင်တွင် မစ္စတာဆင်းက ရေးသားဖော်ပြသည်။

***အင်တာနက်။***

# ရွှေပြည်တော်သစ်ကြီး မဝေးစေလိုပါ

ချမ်းမြသော်

ပြီးခဲ့တဲ့ ဇွန်လ၁၇ရက်နေ့က အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် အစည်းအဝေး(၄/၂၀၀၆) ကျင်းပခဲ့တာကို သတင်းစာများမှာ ဖတ်ရှုလိုက်ရပါတယ်။ အဲဒီအစည်းအဝေးဟာ ယခုနှစ် နှစ်ကုန်ပိုင်းလောက်၊ စိုက်ပျိုးရေးလုပ်ငန်းတွေနားပြီး အလုပ်ပါးချိန်မှာ ပြန်လည်ကျင်းပမယ့် အမျိုးသားညီလာခံကြီးအတွက် လိုအပ်တာတွေ ကြိုတင်ပြင်ဆင်ဖို့ ညှိနှိုင်းကြတဲ့ အစည်းအဝေးဖြစ်ပါတယ်။ **အမျိုးသားညီလာခံကြီး ကျင်းပမှု အရှိန်ရလာခဲ့တာ ယခုဆိုရင် ၇၀ ရာခိုင်နှုန်းကျော် ပြီးစီးပြီမို့ အားလုံးပြီးစီးဖို့ရာမှာ မျှော်ကြည့်ရင် မြင်ရလောက်တဲ့ အကွာအဝေးကို ရောက်နေပြီလို့ ဆိုနိုင်ပါတယ်။ တစ်နည်းအားဖြင့် ပြောရရင်တော့ လုပ်ငန်းစဉ် (၇)ရပ်ထဲက အခြေခံအကျဆုံး လုပ်ငန်းစဉ်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲအကောင်အထည်ဖော်ရေးဟာ လက်တစ်ကမ်းအလိုမှာ ရှိနေပြီဖြစ်ပါတယ်။ အများမျှော်လင့်တောင့်တတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီး တစ်နည်းရွှေပြည်တော်ကြီး အလွန်နီးနေပြီလို့ တင်စားပြောနိုင်ပြီလည်း ဖြစ်ပါတယ်။**

အဲသလိုအချိန်ကျမှ ပြည်တွင်းက အတိုက်အခံ အင်အားစုတွေ၊ ပြည်ပက ဒီမိုကရေစီအမည်တပ်ပြီး နိုင်ငံရေးလုပ်စားနေကြတဲ့ လက်တစ်ဆုပ်စာ လူတစ်စုတွေ၊ ပြီးတော့ အဲဒီရုပ်သေးရုပ်တွေရဲ့ ကြိုးဆွဲဆရာကြီးတွေဟာ အတိုင်အဖောက်ညီညီနဲ့ ဟိုအော်၊ ဒီအော်၊ ဟိုတိုင်၊ ဒီတိုင်၊ ဟိုကအရေးယူပါ၊ ဒီကအရေးယူပါစသဖြင့် လုပ်ဆောင်လာနေကြတာကို တွေ့နေရပါတယ်။ သူတို့ရဲ့ လုပ်ဆောင်ချက်တွေဟာ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှု ပကတိအခြေအနေနဲ့ အလွန်ကင်းကွာလျက် ရှိနေပါတယ်။ ဒီမိုကရေစီကို သွားနေပါတယ်ဆိုတာ သိသိကြီးနဲ့ ဒီမိုကရေစီကို အရယူမှု ဖြစ်မယ်လို့ ပြောဆိုအော်ဟစ်နေကြပါတယ်။ အချိန်ကိုက်လုပ်ဆောင်နေကြပါတယ်။ ဒါတွေကို သေသေချာချာ လေ့လာကြည့်လိုက်ရင် အဲဒီလုပ်ဆောင်မှုတွေရဲ့ နောက်ကွယ်မှာ အကြောင်း တစ်စုံတစ်ရာတော့ အသေအချာရှိနေပြီလို့ သုံးသပ်နိုင်ပါတယ်။

ဘယ်လိုအကြောင်းတွေများ ရှိနေမလဲလို့ သိပ်စဉ်းစားစရာတောင် လိုမယ်မထင်ပါ။ သူတို့ဟာ ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ် (၇)ရပ် ပြီးမြောက်အောင်မြင်တော့မယ်လို့ တွေ့မြင်ရလေ၊ အသံတွေ ပိုဆူလေလုပ်ကြမှာမို့ပါ။ ဘာဖြစ်လို့လဲဆိုတော့ လုပ်ငန်းစဉ်(၇)ရပ်ရဲ့ ကူးပြောင်းမှုဖြစ်စဉ်ကြီးထဲမှာ သူတို့လိုချင်တဲ့ အဖွဲ့အစည်းမပါ၊ သူတို့ တင်ချင်တဲ့ ခေါင်းဆောင်မပါခဲ့တာကြောင့်ပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးပြောင်းလဲမှု မှတ်တိုင်အသစ်ကြီးကို အားလုံး တပျော်တပါး စိုက်ထူလိုက်ကြချိန်မှာ အဲဒီအဖွဲ့အစည်း၊ အဲဒီခေါင်းဆောင်တွေဟာ ဘေးထွက်နေရတော့မှာ သူတို့သိထားကြလို့ ဖြစ်ပါတယ်။

ဒီနိုင်ငံရေးအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်ကြီးကို ကကြီးရေးက မစခင်ကတည်းက နိုင်ငံတော်အစိုးရဟာ NLD ကို လက်ကမ်းခေါ်ခဲ့ပါတယ်။ အစပိုင်းမှာတော့ သူတို့ဟာ အမျိုးသားညီလာခံကြီးကို တက်ရောက်ခဲ့ကြ၊ စိတ်ပါလက်ပါ ဆွေးနွေးခဲ့ကြလို့ ပြည်သူအားလုံးက ဝမ်းသာကြည်နူးခဲ့ကြပါတယ်။ ဒါပေမယ့် ၁၉၉၅မှာတော့ ပြည်ပရဲ့ သွေးထိုးမှုကို နားယောင်သွားတဲ့ ဒေါ်စုကြည်ရဲ့ တစ်ချက်လွှတ်အမိန့်အရ NLD ကိုယ်စားလှယ်တွေဟာ အမျိုးသားညီလာခံကြီးကို ကျောခိုင်းခဲ့ကြတာ အားလုံးသိကြပြီးဖြစ်ပါတယ်။

အဲဒီနောက် အမျိုးသားညီလာခံကြီးကို ယာယီရပ်ဆိုင်းလိုက်ရပြီးတော့ ၂၀၀၄မှာ မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ပြီး အမျိုးသား ညီလာခံကြီး ပြန်ကျင်းပတော့လည်း အစိုးရက NLD ကို ပြန်ဖိတ်ခေါ်ခဲ့ပါတယ်။ NLD ဟာ ပြန်တက်မလိုလိုနဲ့ နောက်ဆုံးတော့ သူတို့လုပ်နေကျ အကျပ်ကိုင်ပုံစံနဲ့ တောင်းဆိုမှုတွေလုပ်ခဲ့ပါတယ်။ အစိုးရကလည်း အမျိုးသားညီလာခံကြီးကို စုံစုံညီညီတက်စေချင်တဲ့အတွက် တချို့အချက်တွေကို တောင် လိုက်လျောပေးခဲ့ပါတယ်။ ဒါပေမယ့်စေ့စပ်ညှိနှိုင်းရေးဆိုတဲ့ စကားကို တွင်တွင်သာသုံးတတ်ပြီး စေ့စပ်ညှိနှိုင်းခြင်းဆိုတာ လိုချင်တာ အကုန်ရခြင်းမဟုတ်ဘဲ နှစ်ဖက်စလုံးဟာ လိုချင်တာ တချို့အတွက် တချို့ကို ပေးဆပ်လိုက်ရတယ်ဆိုတဲ့ သဘောတရားကို သူတို့သဘောပေါက် လက်ခံခဲ့ခြင်းမရှိခဲ့ပါဘူး။ အဲဒါနဲ့ပဲဒီမိုကရေစီပန်းတိုင်သို့ ချီရာလမ်းကြောင်းကြီးကနေ အပြင်ကိုထွက်နေခဲ့ပြန်ပါတယ်။

အခုဆို ခရီးကလည်းပေါက်ခဲ့ပြီ။ ပန်းတိုင်လည်း နီးသည်ထက်နီးလာပါပြီ။ သည်လိုအချိန်မျိုးမှာ အသံတွေဆူလာကြတာဟာ သိပ်ရှင်းနေပါတယ်။ သူတို့ကိုယ်တိုင်ရော၊ သူတို့ရဲ့နောက်ကွယ်က ကြိုးကိုင်ဆရာများကပါ အောက်သီးအောက်သက်ဖြစ်လာနေကြတာသာ ဖြစ်ပါတယ်။ အဲဒါကြောင့်လည်း သူတို့အာဏာမရတော့မှာ စိုးရိမ်ပူပန်တဲ့စိတ်နဲ့ ဟိုရမ်းသည်ရမ်းလုပ်လာနေ ကြတာသာဖြစ်ပါတယ်။

ဒီနေရာမှာ ဒီမိုကရေစီနိုင်ငံတော်ဆိုတာ ဘာလဲလို့ ပြန်မေးခွန်းထုတ်ရပါလိမ့်မယ်။ ဒီမိုကရေစီဆိုတာ ပြည်သူများက စစ်မှန်ရိုးသားသောဆန္ဒဖြင့် ရွေးကောက်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်များက ပြည်သူတို့ကိုယ်စား နိုင်ငံတော်၏ အချုပ်အခြာအာဏာကြီးသုံးရပ်ကို ရယူကျင့်သုံးကာ စီမံခန့်ခွဲတဲ့စနစ်ဖြစ်ပါတယ်။ လမ်းစဉ်(၇)ရပ်မှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေပေါ်ပေါက်ပြီးတာနဲ့ အဲဒီဥပဒေနဲ့အညီ ရွေးကောက်ပွဲကျင်းပ၊ရွေးကောက်ပွဲကို နိုင်ငံရေးပါတီ ကိုယ်စားလှယ်တွေ ဝင်ရောက်ယှဉ်ပြိုင်ကြ၊ အနိုင်ရသူများက အခြေခံဥပဒေနဲ့အညီ ဒီမိုကရေစီအစိုးရသစ် ဖွဲ့စည်းကြမှာဖြစ်တယ်။

လက်ရှိတပ်မတော်အစိုးရက ဒီအတိုင်းလုပ်မယ်၊ ဒီအတိုင်းသွားမယ်လို့ ယတိပြတ်ထားပြီးပါပြီ။ ဒါဟာဒီမိုကရေစီပါ။ ပေါ်ထွန်းလာမှာဟာ ဒီမိုကရေစီနိုင်ငံတော်သစ်ပါ။ အဲဒီတော့ ပြည်တွင်းပြည်ပက အသံကောင်းဟစ်နေကြသူတွေကို မေးချင်တာတစ်ခုရှိပါတယ်။ NLD အာဏာရမှ ဒီမိုကရေစီလို့ပြောကြမှာလား။ ဒေါ်စုကြည်ကိုခေါင်းဆောင်တင်မြှောက်မှ မြန်မာပြည်ကြီးဟာ ဒီမိုကရေစီဖြစ်မှာလား။ တပ်မတော်အစိုးရကတော့ ရှင်းရှင်းပြောထားပါတယ်။ ဒီမိုကရေစီကိုသွားမယ်၊ NLD ဒေါ်စုကြည် မပါလည်းသွားမယ်။ NLD နဲ့ ဒေါ်စုကြည်တို့ မပါခဲ့တာကလည်း အစိုးရကနေခဲ့ရမယ်လို့ ညစ်ပတ်ခဲ့တာမဟုတ်ခဲ့ပါဘူး။ တစ်ခါမက လက်ကမ်းခဲ့ပေမယ့် "ဟင့်အင်း"လို့ သူတို့ကိုယ်တိုင် ငြင်းခဲ့တာကြောင့်သာ ဖြစ်ပါတယ်။

မျက်မှောက်အခြေအနေကို လေ့လာကြည့်တဲ့အခါ လက်ရှိအစိုးရကို ဖြုတ်ချပြီး ကြိုးကိုင်နိုင်တဲ့ အဖွဲ့အစည်းတွေကို အစိုးရတင်မြှောက်ရေး ဖောင်းပေးလုပ်ဆောင်နေကြတာကို တွေ့ကြရပါတယ်။ အဲသလိုလုပ်ကြရာမှာ ဘယ်လိုနည်းလမ်းမဆို သူတို့အသုံးပြုကြမယ့်သဘော ဆောင်နေပါတယ်။ ပြည်သူတွေ ဆင်းရဲဒုက္ခတွေ့တွေ့၊ တစ်နိုင်ငံလုံး ဆူဆူပူပူဖြစ်ဖြစ်၊ သူတို့လိုချင်သော အခြေအနေ ရောက်အောင် ရေကုန်ရေခန်း ကြိုးပမ်းလုပ်ဆောင်မယ့်ပုံစံပေါက်နေပါတယ်။ သူတို့ဟာ ပြည်တွင်းရော ပြည်ပပါ အဖွဲ့အစည်းအမျိုးမျိုးပုံစံနဲ့ ကိုယ့်သဘောနဲ့ကိုယ် လုပ်နေကြသယောင် မြင်နေရပေမယ့် ဒီထက်ပိုပြီး နက်နက်ဝင်ကြည့်ရင်တော့ အဲဒီသူတွေ၊ အဖွဲ့အစည်းတွေရဲ့ နောက်ကွယ်မှာ ကြိုးဆွဲဆရာကြီး တစ်ဦးကိုသာ တွေ့ရမှာဖြစ်ပါတယ်။ အဲဒါကတော့ အများသိတဲ့ ငပွကြီးပဲ ဖြစ်ပါတယ်။




**William Blum ၏ Killing Hope စာအုပ်မျက်နှာဖုံးကို တွေ့ရစဉ်။**

ဘာကြောင့် ဒီလိုပြောရသလဲ။ ငပွကြီးဟာ ဘယ်ဒေသ၊ ဘယ်နိုင်ငံမှာ ဘယ်လိုရုပ်ဖျက် လုပ်ဆောင်ပေမယ့် သူ့ရဲ့ ပင်ကိုဗီဇကိုတော့ ဖုံးကွယ်လို့မရခဲ့ပါဘူး။ မြန်မာနိုင်ငံရဲ့ လက်ရှိနိုင်ငံရေးတင်းမာမှုတွေကို ပုံဖော်နေပုံမှာ ငပွကြီးရဲ့ ဗီဇတွေ ဘွားဘွားကြီးတွေ့နေရလို့ပဲ ဖြစ်ပါတယ်။ ငပွကြီးရဲ့ဗီဇကို ပြတ်ပြတ်သားသား ဖော်ထုတ်ထားတဲ့ စာအုပ်တစ်အုပ် ရှိပါတယ်။ စာရေးဆရာ William Blum ရဲ့ Killing Hope; U.S. Military and CIA Interventions since World War II စာအုပ်ပါ။ အင်ဂိုလာ၊ ဘရာဇီး၊ ချီလီ၊ အရှေ့တီမော၊ ကျူးဘား၊ ဂရိ၊ ဂွာတီမာလာ၊ အင်ဒိုနီးရှား၊ ဟေတီ အစရှိတဲ့ နိုင်ငံတွေမှာ ငပွကြီး ဝင်ရောက်ကြိုးကိုင်ခဲ့တာတွေ ရေးသားထားပါတယ်။ ငပွကြီးရဲ့ လုပ်ဆောင်ချက်တချို့ကို နမူနာကြည့်ကြရအောင်ပါ။

ဂွာတီမာလာမှာ ဖြစ်ခဲ့တာကိုကြည့်ရင် ငပွကြီးဟာ ဒီမိုကရေစီနည်းကျကျ ရွေးကောက်ခံထားရတဲ့ သမ္မတကိုဖြုတ်ချပြီး ရက်စက်ကြမ်းကြုတ်တဲ့ အစိုးရကိုတင်ခဲ့ပါတယ်။ အဲဒီတုန်းက သမ္မတဂျက်ကော့ အာဘင့်ဇ်ဟာ ၁၉၅၄မှာ ဒီမိုကရေစီနည်းနဲ့ တင်မြှောက်ခံခဲ့ရသူပါ။ သူ့ကို ငပွကြီးက ကွန်မြူနစ်လို့ ရုပ်လုံးဖော်ခဲ့ပါတယ်။ အာဘင့်ဇ်ဟာ မြေယာပြုပြင်ရေး လုပ်ခဲ့ပါတယ်။ ဆင်းရဲတဲ့ လယ်သမား တစ်သိန်းလောက်ကို မြေယာတွေ ပေးခဲ့ပါတယ်။ အဲဒီအခါ ယူနိုက်တက်သစ်သီး ကုမ္ပဏီအတွက် မြေယာပိုင်ဆိုင်မှုကို ထိခိုက်စေခဲ့ရာမှာ ကုမ္ပဏီက အမေရိကန်အစိုးရကို ဖိအားပြန်ပေးခဲ့ပါတယ်။ လက်ရှိ ဂွာတီမာလာ အစိုးရကို အမေရိကန်အစိုးရက အရေးယူပေးဖို့ ဖြစ်ပါတယ်။ အဲသလိုနဲ့ပဲ ၁၉၅၄မှာ ငပွကြီးရဲ့ အကူအညီနဲ့ အာဘင့်ဇ်ကို ဖြုတ်ချခဲ့ပြီး စစ်တပ်အစိုးရကို အစားထိုးခဲ့ပါတယ်။ ငပွကြီးအလိုကျ အစိုးရဟာ ဂွာတီမာလာကို နှစ်ပေါင်း ၄၀ လောက် ကြမ်းကြမ်းတမ်းတမ်း အုပ်ချုပ် သွားခဲ့ပါတယ်။

၁၉၅၇ကစပြီး အင်ဒိုနီးရှားမှာ သမ္မတကြီးဆူကာနိုကို ဖြုတ်ချရေး ကိုလည်း ငပွကြီးဟာ ကြိုးကိုင်ခဲ့ပါတယ်။ CIA က သူပုန်တွေကို ဆူကာနို ဖယ်ရှားနိုင်ရေး အင်အားကြီးထွားအောင် လုပ်ပေးခဲ့တာပါ။ ဆူကာနိုဟာ အဲသည်တုန်းက လက်ယာယိမ်းစစ်တပ်နဲ့ အဖွဲ့ဝင်တစ်သန်းရှိတဲ့၊ အင်အားတောင့်တင်းလှတဲ့ အင်ဒိုနီးရှား ကွန်မြူနစ်ပါတီ (PKI) တို့အကြား ချိန်ခွင်လျှာ ညှိပေးဖို့ ကြိုးစားခဲ့ပါတယ်။ PKIပါတီဝင်တွေ ရွေးကောက်ပွဲလေးတွေမှာ ဝင်အရွေးမခံအောင်၊ အစိုးရအဖွဲ့မှာ မပါအောင် တားမြစ်ပေးဖို့ကို ဆူကာနိုက ငြင်းပယ်ခဲ့ပါတယ်။ အဲဒီအချက်နဲ့ပဲ ဆူကာနိုဟာ ငပွကြီးရဲ့ ပစ်မှတ်ဖြစ်ခဲ့ပြန်ပါတယ်။

ငပွကြီးကြိုးကိုင်ခြေရှုပ်ခဲ့တာတွေကို ရေးပြရရင် အများကြီးပါ။ Killing Hope မှာ ဖတ်ကြည့်ရင် **စာမျက်နှာ ၇ ကော်လံ ၁ သို့** ➪

**မျက်မှောက်အခြေအနေကို လေ့လာကြည့်တဲ့အခါ လက်ရှိအစိုးရကို ဖြုတ်ချပြီး ကြိုးကိုင်နိုင်တဲ့ အဖွဲ့အစည်းတွေကို အစိုးရတင်မြှောက်ရေး ဖောင်းပေးလုပ်ဆောင်နေကြတာကို တွေ့ကြရပါတယ်။ အဲသလိုလုပ်ကြရာမှာ ဘယ်လိုနည်းလမ်းမဆို သူတို့အသုံးပြုကြမယ့်သဘော ဆောင်နေပါတယ်။ ပြည်သူတွေ ဆင်းရဲဒုက္ခတွေ့တွေ့၊ တစ်နိုင်ငံလုံး ဆူဆူပူပူ ဖြစ်ဖြစ်၊ သူတို့လိုချင်သောအခြေအနေရောက်အောင် ရေကုန်ရေခန်း ကြိုးပမ်းလုပ်ဆောင်မယ့်ပုံစံပေါက်နေပါတယ်။ သူတို့ဟာ ပြည်တွင်းရော ပြည်ပပါ အဖွဲ့အစည်းအမျိုးမျိုးပုံစံနဲ့ ကိုယ့်သဘောနဲ့ကိုယ် လုပ်နေကြသယောင် မြင်နေရပေမယ့် ဒီထက်ပိုပြီး နက်နက်ဝင်ကြည့်ရင်တော့ အဲဒီသူတွေ၊ အဖွဲ့အစည်းတွေရဲ့ နောက်ကွယ်မှာ ကြိုးဆွဲဆရာကြီး တစ်ဦးကိုသာ တွေ့ရမှာ ဖြစ်ပါတယ်။ အဲဒါကတော့ အများသိတဲ့ ငပွကြီးပဲ ဖြစ်ပါတယ်။**

(25-6)06.P65 1 32/24/1, 1:33 PM




## ခရီးသွားလုပ်ငန်း အင်တာနက်သတင်း

# မီရာပီမီးတောင် ပေါက်ကွဲမှုကြောင့် သစ်တောများပျက်စီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကိုလည်း ထိခိုက်စေနိုင်

**ဂျော့ဂျ်ဂျကာတာ ဇွန် ၂၄**

အင်ဒိုနီးရှားနိုင်ငံရှိ မီရာပီမီးတောင် တောင်စောင်းဒေသများရှိ သစ်တောဟက်တာ ၃၀၀ခန့်မှာ မီးတောင်ပေါက်ကွဲမှုကြောင့် ပျက်စီးခဲ့ရကြောင်း တာဝန်ရှိသူတစ်ဦးက ဇွန် ၂၃ရက်တွင် ပြောကြားသည်။

မီးတောင်ပေါက်ကွဲမှုနှင့်အတူ ပူပြင်းသည့် ဓာတ်ငွေ့တိမ်တိုက်ကြီးများ ဖြစ်ပေါ်ခဲ့ရာ သစ်တောဒေသ ပျက်စီးရကြောင်း အန်တာရာသတင်းဌာနက ဂျော့ဂျ်ဂျကာတာ သစ်တောဌာနအကြီးအကဲ ဆန်နဒီ၏ ပြောကြားချက်ကို ကိုးကားလျက် သတင်းထုတ်ပြန်သည်။

**ဖော်ထုတ်ရဦးမည်**

မီးတောင်ပေါက်ကွဲမှုကြောင့် သစ်တောမြေဧက မည်မျှပျက်စီးခဲ့ရသည်ကို အတိအကျ မတွက်ချက်ရသေးကြောင်း၊ မည်သည့်သစ်ပင်အမျိုးအစားများ ပျက်စီးခဲ့ရသည်ကိုလည်း ဖော်ထုတ်ရဦးမည်ဖြစ်ကြောင်း တာဝန်ရှိသူက ပြောကြားသည်။

မီးတောင်ပျက်စီးမှုအခြေအနေကို မိမိတို့ လေ့လာနေပြီး သစ်တောရေးရာဝန်ကြီးဌာနထံ အစီရင်ခံရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

မီရာပီမီးတောင်သည် ပူပြင်းသော ဓာတ်ငွေ့တိမ်တိုက်ကြီးများကို ဆက်လက်မှုတ်ထုတ်နေခဲ့သည်။ မီးတောင်၏ ထိပ်ဝမှ ပေါ်ထွက်လာသော ဓာတ်ငွေ့လုံးကြီးများသည် သုံးကီလိုမီတာ အကွာအဝေးအထိပင် ရောက်ရှိကြောင်း တာဝန်ရှိသူက ပြောကြားသည်။

မီရာပီမီးတောင်သည် သဘာဝအခြေခံခရီးသွားလုပ်ငန်းတွင် အရေးပါသောနေရာဒေသတစ်ခုဖြစ်ပြီး မီးတောင်ပေါက်ကွဲမှုကြောင့် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကိုလည်း ထိခိုက်မှုရှိနိုင်ကြောင်း သစ်တောဌာန တာဝန်ရှိသူက ပြောကြားသည်။

ခြေလျင်နှင့် တောင်တက်ဝါသနာပါသူ ကမ္ဘာလှည့်ခရီးသည်များသည် မီရာပီမီးတောင်လေ့လာရေးခရီးစဉ်များကို ရွေးချယ်လေ့ရှိကြသည်။

ဂျော့ဂျ်ဂျကာတာမြို့၏ အရှေ့ဘက် ၁၅ကီလိုမီတာခန့်အကွာရှိ ဒီးလပ်စ်ကျေးရွာသည် မီရာပီမီးတောင်၏ တောင်ခြေတွင်တည်ရှိပြီး ခြေလျင်နှင့်တောင်တက်ခရီးစဉ် အစပြုရာ နေရာပင်ဖြစ်သည်။

ယင်းကျေးရွာမှ အစပြု၍ ခြောက်နာရီကြာမျှ ခြေကျင်ခရီးနှင်ပြီးသည့်အခါ ကာလီယူရွန်း တောင်ပေါ် အပန်းဖြေစခန်းများရှိပြီး ယင်းစခန်းများတွင် အပန်းဖြေနားနေကာ မီရာပီမီးတောင်၏ တောင်ထွတ်အလှကို ကမ္ဘာလှည့်ခရီးသည်များ ခံစားလေ့ရှိသည်။ (အင်တာနက်)



**မီ ရာ ပီ မီး တောင် ၏ တောင်ပေါ်အပန်းဖြေစခန်း တစ်ခုကို တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

## ဝါတွင်းယမိုက်နှင့် ပဋ္ဌာန်းသင်တန်းပို့ချမည်

**ရန်ကုန် ဇွန် ၂၄**

ရန်ကုန်မြို့၊ ဆူးလေစေတီတော်ရင်ပြင်(အနောက်မုခ်)ရှိ အဘိဓမ္မာ ပြန့်ပွားရေးအသင်းတိုက်၌ (အဘိဓမ္မာညဝါ)၊ ယမိုက်၊ ပဋ္ဌာန်းသင်တန်းများကို ဇူလိုင် ၁၀ရက်၊ ၁၃၆၈ခု၊ ဝါဆိုလပြည့်ကျော် ၁ရက် (တနင်္လာနေ့)မှစတင်၍ ဥပုသ်နေ့မှအပ နေ့စဉ်မွန်းလွဲ ၂နာရီမှ ညနေ ၄နာရီအထိ မည်သူမဆို တက်ရောက်နာယူသင်ကြားနိုင်ကြောင်း သိရသည်။

သင်တန်းပြ ဆရာဦးကာစီက အထက်ယမိုက်တို့ကို (တနင်္လာ၊အင်္ဂါနေ့)များတွင်လည်းကောင်း၊ ဆရာဦးစိုးကြည်က အောက်ယမိုက်တို့ကို (ဗုဒ္ဓဟူး၊ ကြာသပတေး) နေ့များတွင်လည်းကောင်း၊ ဆရာဦးတင်ထွဋ်က ပဋ္ဌာန်းဆဝါရဝိဘင်္ဂကို (သောကြာနေ့)တွင် လည်းကောင်း၊ ပဋ္ဌာန်း ပဉ္စဝါရဝိဘင်္ဂကို (စနေ၊ တနင်္ဂနွေနေ့)များတွင် လည်းကောင်း၊ သင်္ဂြိုဟ်သင်တန်း၊ ဝိသုဒ္ဓိမဂ်သင်တန်းနှင့် အခြားသင်တန်းများကိုလည်း ယခင်မူလအစီအစဉ်များအတိုင်း သင်ကြားပို့ချသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းပြီးဆုံးရက်မှာ အောက်တိုဘာ ၅ရက်၊ သီတင်းကျွတ်လဆန်း ၁၄ရက်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

## သာသနာ့နုဂ္ဂဟအဖွဲ့ ဝါဆိုသင်္ကန်းကပ်လှူမည်

**ရန်ကုန် ဇွန် ၂၄**

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် မဟာသုခိတာလမ်းရှိ မဟာစည်သြဝါဒခံ သာသနာ့ဗိမာန်ရိပ်သာတွင် သာသနာ့နုဂ္ဂဟအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးနှင့် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၉ရက်၊ ဝါဆိုလပြည့် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်၍ သင်္ကန်းတစ်စုံလှူျင် ကျပ် ၅၀၀၀၊ ထီးတစ်လက် ကျပ် ၁၅၀၀၊ ဖိနပ် ကျပ် ၁၀၀၀၊ သံဃာတစ်ပါး ဆွမ်းစရိတ် ကျပ် ၅၀၀နှုန်းဖြင့် လှူဒါန်းလိုသော အလှူရှင်များ သာသနာ့နုဂ္ဂဟအဖွဲ့ ဖုန်း-၆၄၁၃၂၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

➪ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

နိုင်ငံပေါင်းစုံမှာ သူတို့အလိုကျ ရုပ်သေးအစိုးရတင်နိုင်ရေးကိုသာ ဦးတည်လုပ်ဆောင်ခဲ့တာ ထင်ထင်ရှားရှားတွေ့ရပါတယ်။ "တစ်ခြားနည်းလမ်းမရှိ"ဆိုတဲ့စကားအတိုင်း ဖြုတ်ချရေးနည်းလမ်းကိုသာ အစဉ်တစိုက်ကျင့်သုံးနေတာပါ။ ဒီလိုလုပ်ရာမှာ ငွေကြီးဟာ နိုင်ငံခြားသားမမွေးပါဘူး၊ လူမျိုးတူအချင်းချင်းကိုသာ ပြန်သုံးခဲ့တာပါ၊ သူတို့ကို အထင်ကြီးသူတွေ၊ သူတို့ပြောသမျှ ခေါင်းညိတ်မယ့်လူတွေကို ငွေကြေး၊ လက်နက်ထောက်ပံ့ခဲ့တာပါ။

မြန်မာနိုင်ငံရဲ့ လက်ရှိအနေအထားမှာ ငွေကြီးဟာ ပိုပြီး ပေါ်ပေါ်ထင်ထင် လှုပ်ရှားလာခဲ့ပါတယ်။ လက်ရှိစစ်အစိုးရပြုတ်ကျရေးဆိုတဲ့ သူတို့ရဲ့ပုံစံဟောင်းကြီးအတိုင်း လုပ်နေတာပဲဖြစ်ပါတယ်။ အဲဒါကြောင့် အစိုးရက ဒီမိုကရေစီကို သွားပါမယ်၊ မူဝါဒလမ်းစဉ်(၇)ရပ်နဲ့ တစ်ဆင့်ပြီးတစ်ဆင့်သွားပါမယ်ဆိုတာကို သူတို့လက်မခံနိုင်ကြပါဘူး၊ ဒီမိုကရေစီကို တကယ်တန်ဖိုးထားတယ်၊ မြန်မာပြည်သူတွေကို ဒီမိုကရေစီရစေချင်တဲ့ စေတနာအမှန်သာရှိရင် သူတို့ဟာ မူဝါဒလမ်းစဉ်(၇)ရပ်ကို မြန်မြန်ပြီးမြောက်ရေး အားပေးရမှာတောင်ဖြစ်ပါတယ်။ NLD ကို အမျိုးသားညီလာခံတက်စေဖို့ ဒေါ်စုကြည်ကို ဖျောင်းဖျရမှာတောင် ဖြစ်ပါတယ်။

အဲဒါကြောင့် ငြိမ်းချမ်းစွာ တစ်ဆင့်ပြီးတစ်ဆင့် ဖြစ်ပေါ်ပြောင်းလဲနေတဲ့ လက်ရှိနိုင်ငံရေး အသွင်ကူးပြောင်းမှု ဖြစ်စဉ်ကြီးကိုသာ အေးချမ်းသာယာမှုကို မြတ်နိုးတဲ့ ပြည်သူအများက လက်ခံကြိုဆိုကြရမှာ ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘဲ ကြိုးကိုင်ဆရာကြီးတွေ အလိုကျသာ ဖြစ်ခဲ့ရင် နိုင်ငံအဝန်း တည်ငြိမ်အေးချမ်းမှုပျက်သုဉ်းပြီး ဆူပူအုံကြွမှုတွေကိုသာ မြင်တွေ့နေကြရမှာဖြစ်ပါတယ်။ အဲဒီလိုသာဆိုရင် ဈေးကွက်စီးပွားရေးကြောင့် တိုးတက်ဖွံ့ဖြိုးလာနေတဲ့ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းတွေ အကြီးအကျယ် ဆုံးရှုံးကြရမှာဖြစ်ပါတယ်။ မင်းမဲ့စရိုက် ဆိုးကျိုးမျိုးစုံကို ပြည်သူတွေကြုံတွေ့ခံစားကြရမှာ ဖြစ်ပါတယ်။ ပြည်သူတွေလိုလားတဲ့ ဒီမိုကရေစီ ရွှေပြည်တော်သစ်ကြီးနဲ့လည်း အလှမ်းဝေးနေကြဦးမှာဖြစ်ပါတယ်။ ။



## ရန်ကုန်တိုင်းရဲတပ်ဖွဲ့ စကားပြောနည်း အတတ်ပညာ သင်တန်းဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၄**

ရန်ကုန်တိုင်း ရဲတပ်ဖွဲ့အစီအစဉ်ဖြင့် ဖွင့်လှစ်သည့် စကားပြောနည်း အတတ်သင်တန်း အမှတ်စဉ် (၁/၂၀၀၆) သင်တန်း ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၉ရက် နံနက် ၉နာရီက ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလှမင်းကိုယ်စား ဒုတိယ တိုင်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဆယ်မောင်က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ အရာရှိ/အခြားအဆင့် သင်တန်းသား ၃၀ တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တသုံးပတ် ကြာမြင့်မည်ဖြစ်သည်။ (သတင်းစဉ်)

## တာဝန်များပေးအပ်

**ရန်ကင်းမြို့နယ်၏ ၂၀၀၆-၂၀၀၇ ခုနှစ် နှစ်စဉ်စီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၃ရက်က မြို့နယ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမြင့်ဝင်း ဌာနဆိုင်ရာများအား စီမံကိန်း ရည်မှန်းချက်တာဝန်များပေးအပ်စဉ်။**
(၅၀၆)



**လမ်းမတော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်း သားသမီးများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲကို ဇွန် ၉ရက်က မြို့နယ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်ဇော် ကျောင်းသူတစ်ဦးအား ပညာ သင်ထောက်ပံ့ကြေးနှင့် ဝတ်စုံ၊ စာရေးကိရိယာများ ပေးအပ်စဉ်။**
(မြို့နယ် ပြန်/ဆက်)





ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ ခရမ်းချောင်းတံတား ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)



ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့ ခရမ်းချောင်းတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

✳ ခရမ်းချောင်းတံတားမှ

ကျောင်းသား၊ ကျောင်းသူများ၊ မင်္ဂလာစည်တော်အဖွဲ့၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားရာတွင် ပေ ၂၂၀ ရှည်သည့် ခရမ်းချောင်းတံတား ဖွင့်လှစ်သောနေ့ ဖြစ်သည့်အတွက် ရန်ကုန်တိုင်းအတွက် မင်္ဂလာရှိသောနေ့ ဖြစ်ကြောင်း၊ ဤတံတားကြီး ပြီးစီးသွားသည့်အတွက် ရန်ကုန်တောင်ပိုင်းခရိုင်၏ ခရမ်း၊ သုံးခွမြို့နယ်များမှ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူပြုတော့မည်ဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင် မြန်မာနိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းလိုက်နိုင်စေရန် အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းစေရန်၊ တိုင်းရင်းသားပြည်သူအားလုံး ကြီးပွားချမ်းသာပြီး လူနေမှုအဆင့်အတန်း မြင့်မားစေရန်အတွက် စီမံချက်များ ချမှတ်ဆောင်ရွက်နေကြောင်း၊ ရှေးဦးစွာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနကို ဖွင့်လှစ်ပြီး တိုင်းရင်းသားလူမျိုးများနှင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်ပြီး ပညာရေး၊



ရန်ကုန်တိုင်း အေး ချမ်း သာယာ ရေး နှင့် ဖွံ့ ဖြိုး ရေး ကောင်စီဥက္ကဋ္ဌ၊ ရန် ကုန် တိုင်း စစ် ဌာန ချုပ် တိုင်းမှူး ဗိုလ်မှူး ချုပ် လှဋ္ဌေးဝင်း ခ ရမ်း ချောင်း တံတား ဖွင့်ပွဲ အ ခမ်း အ နား တွင်အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျေးရွာများရေရရှိရေး၊ ကျေးရွာများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အတွင်း ဖွံ့ဖြိုးတိုးတက်မှုများ အကြားအလပ် မကျန်ရှိစေရန်အတွက် အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုကို သတ်မှတ်၍ တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဤခရမ်းချောင်းတံတားကြီး တည်ဆောက်ပေးခဲ့ခြင်းသည်လည်း လုပ်ငန်းစဉ်များထဲက တစ်ခုအပါအဝင်ဖြစ်ကြောင်း။

**အသိအမှတ်ပြု**

ခရမ်းချောင်းတံတားကြီးပြီးစီးသွားသည့်အတွက် ဤဒေသမှ ဆန်၊ ပဲမျိုးစုံ၊ ပင်လယ်ထွက် ငါးပုစွန်များကို အလွယ်တကူ တင်ပို့ရောင်းချနိုင်တော့မည်ဖြစ်၍ အဘက်ဘက်က တိုးတက်လာတော့မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲက တံတားများတစ်ရက်စောပြီးလျှင် ပြည်သူလူထုအတွက် တစ်ရက်ပိုပြီး အကျိုးရှိမည်၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် ဒေသတစ်ခုနှင့်တစ်ခု ရင်းနှီးမှုနည်းပါးရခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုကွာဟခြင်း မဖြစ်စေရန် တံတားများကို တည်ဆောက်နေခြင်းဖြစ်သည်ဟု လမ်းညွှန်ထားသည့်အတိုင်း ဆောက်လုပ်ရေးဝန်ကြီးဌာနက နေ့မအားညမနားဘဲ ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း အသိအမှတ်ပြု ဂုဏ်ပြုရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်နယ်၊တိုင်းများက ကြိုးပမ်းဆောင်ရွက် လျက်ရှိကြရာ စီးပွားရေးကဏ္ဍ၌ ရန်ကုန်တိုင်းသည် အဓိကအခန်းကပါဝင်နေသည်ကိုလည်း ဂုဏ်ယူကြရမည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းသည် စီးပွားရေးအဖွံ့ဖြိုးအတိုးတက်ဆုံး တိုင်းတစ်တိုင်းလည်း ဖြစ်ကြောင်း၊ နိုင်ငံတော်ကဤတံတားကြီးကို ငွေကုန်ကြေးကျခံ၍ တည်ဆောက်ပေးခဲ့သဖြင့် တည်ဆောက်ခဲ့ကြသော ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဝန်ထမ်းများအားလုံးအား ကျေးဇူးတင်ရှိကြောင်းနှင့် ဤတံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒေသခံပြည်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးကြပါရန် မေတ္တာရပ်ခံလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်တစ်ဝန်း၌ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးကို အလေးထားဆောင်ရွက်နေသကဲ့သို့ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူနေမှုအဆင့်အတန်းများ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးသည် အဓိကကျပြီး အရေးပါကြောင်း။

တစ်နိုင်ငံလုံး အတိုင်းအတာဖြင့်ဆိုလျှင် ၁၉၈၈ ခုနှစ်နောက်ပိုင်း နိုင်ငံတော်က တည်ဆောက်ပေးခဲ့သော ပေ ၁၈၀နှင့်အထက် တံတားကြီးပေါင်းသည် ယခုဖွင့်လှစ်ပေးသော ခရမ်းချောင်း တံတားကြီးအပါအဝင် စုစုပေါင်း ၂၁၇ စင်းတိုတိ တည်ဆောက် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း။



ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် စောထွန်း ခရမ်းချောင်း တံတား ဖွင့်ပွဲ အခမ်းအနားတွင်အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

**ချောမွေ့စွာသွားလာနိုင်**

အဆိုပါ ဖွင့်လှစ်ပြီးသော တံတားများအနက် ရန်ကုန်တိုင်းအတွင်း တည်ဆောက်ဖွင့်လှစ်ပြီးသော တံတားကြီးစုစုပေါင်းမှာ ၂၆ စင်းရှိကာ ယခုဖွင့်လှစ်သော ခရမ်းချောင်းတံတားသည် ၂၇ စင်းမြောက်ဖြစ်ကြောင်း၊ ဆက်လက်ပြီး ရန်ကုန်တိုင်းအတွင်း တည်ဆောက်လျက်ရှိသော တံတားကြီးနှစ်စင်းမှာ ပဲခူးမြစ်ကို ဖြတ်သန်း ဖောက်လုပ်သော အမှတ်(၂) သန်လျင်တံတား၊ ငမိုးရိပ်ချောင်းကို ဖြတ်သန်းဖောက်လုပ်သော ကမာကြည်တံတားတို့ကိုလည်း ဆက်လက်တည်ဆောက်ပေးလျက်ရှိကြောင်း။

ခရမ်းချောင်းတံတားကြီးသည် ပဲခူး-သနပ္ပင်-ခရမ်း-သုံးခွ-သန်လျင် လမ်းမကြီးပေါ်၌ တည်ရှိပြီး ခရမ်းမြို့၏ အဓိကအချက်အချာလမ်းမကြီးပေါ်၌ တည်ရှိကြောင်း၊ တံတားကြီး ဖွင့်လှစ်လိုက်သည့်အတွက် ပဲခူး၊ သနပ္ပင်၊ က၀ စသည့် ပဲခူးတိုင်းရှိ မြို့နယ်များနှင့် ခရမ်း၊ သုံးခွ၊ သန်လျင် စသည့် ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းက မြို့နယ်များကို ဖြတ်သန်းပြီး ရန်ကုန်မြို့အထိ လွယ်ကူချောမွေ့စွာ သွားလာနိုင်ပြီဖြစ်ကြောင်း။

ခရမ်းမြို့သည် ဆန်စပါး၊ ပဲတီစိမ်း၊ သားငါးစသည့် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှ စားကုန်များ အထူးတိုးတက်ထွက်ရှိနေသည့် မြို့နယ်ကြီးတစ်ခုဖြစ်ကြောင်း၊ ခရမ်းမြို့ကို ဗဟိုပြုပြီး ဖားကူး-မောင်းမလမ်းမှတစ်ဆင့် ပဲခူးမြစ်ကမ်းဘက်ကို သွားရောက်နိုင်သကဲ့သို့ အောင်သာဒါန်း-ရေကျော်လမ်း မှ မုတ္တမပင်လယ်ဝအထိ သွားရောက်နိုင်သည့် အချက်အချာကျ နေရာဒေသဖြစ်ကြောင်း။

ဤတံတားသစ်ကြီးကြောင့် ခရမ်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ လယ်ယာထွက်ကုန် သီးနှံများသည်လည်း အခြားဒေသများကို လွယ်ကူစွာ တင်ပို့နိုင်တော့မည်ဖြစ်သည့်အတွက် ကျေးရွာများ၌ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

ယခုအခါ ခရမ်းမြို့နယ်မှ ပင်လယ်ပိုင်းဒေသ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်တော့မည်ဖြစ်သကဲ့သို့ ဤဒေသ၏ ရေထွက်ကုန်ပစ္စည်းများကို ရန်ကုန်မြို့၏ စီးပွားရေးဈေးကွက်ကြီးများဆီသို့ ကုန်စည်စီးဆင်းမှု လျင်မြန်သွက်လက် လာတော့မည်ဖြစ်ကြောင်း၊ ဤဒေသများမှ ထွက်သော ဆန်စပါး၊ ပဲအမျိုးမျိုးနှင့် ရေထွက်ကုန်ပစ္စည်းများသည် ရန်ကုန်မြို့တွင်းသို့ အချိန်တိုအတွင်း တင်ပို့နိုင်မည် ဖြစ်သည့်အတွက် ရန်ကုန်တိုင်းအတွက်ရော နိုင်ငံတော်အတွက်ပါ လွန်စွာအကျိုးရှိသော တံတားကြီးတစ်စင်းဖြစ်ကြောင်း၊ ခရမ်းချောင်းတံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့်အတူ ဒေသအာဏာပိုင်များ၊ ဒေသခံပြည်သူများအားလုံးက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြပါဟု မှာကြားလိုကြောင်း။

နိဂုံးချုပ်အားဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်မှ ပထမအချက်ဖြစ်သည့် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးဆိုသည့်အချက်ကို တံတားကြီး တည်ဆောက်ဖွင့်လှစ်ပေးခဲ့ခြင်းဖြင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်းလည်းဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ စေတနာကို ကျေးဇူးတုံ့ပြန်သောအားဖြင့် ဒေသခံပြည်သူများ အနေဖြင့် ဒေသအကျိုးနှင့် နိုင်ငံတော်အကျိုးကို မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ် စိတ်ဓာတ်အရင်းခံပြီး ပိုမိုကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်ကြပါဟု ပြောကြားသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက အမှာစကားပြောကြားရာတွင် ဤတံတားကြီးကို ၂၀၀၅ ခုနှစ် မတ်လ ၁၆ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး လေးလနှင့်အပြီး တည်ဆောက်နိုင်ခဲ့သည့်အတွက် ဩဂုတ်လကတည်းက အသုံးပြုခွင့်ပြုထားပြီးဖြစ်ကြောင်း၊ ဤတံတားကြီးသည် သံကူကွန်ကရစ် လွန်တူးပိုင်အုတ်မြစ်၊ သံကူကွန်ကရစ်အောက်ထည်



**ကျေးဇူးတင်စကား ပြောကြား**

ဒေသခံပြည်သူများကိုယ်စား ခရမ်းမြို့မှ ဒေသခံပြည်သူ ဦးမြင့်ဦး ကျေးဇူးတင်စကားပြောကြားစဉ်။
(သတင်းစဉ်)

ပေါ်ဦတည်ဆောက်ထားသည့် သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်ကြောင်း၊ တံတားအရှည် ပေ ၂၂၀ ရှိကြောင်း၊ ယာဉ်သွားလမ်းအကျယ်မှာ ၂၈ ပေဖြစ်ပြီး တစ်ဖက်စီတွင် လူသွားလမ်းသုံးပေစီပါကြောင်း၊ တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေမှာ အကျယ် ၅၃ ပေနှင့် အမြင့် ကိုးပေရှိကြောင်း၊ တံတားကြီး၏ ခွင့်ပြုယာဉ် အလေးချိန်မှာ ယာဉ်တစ်စီးချင်း ခွင့်ပြုတန် ၆၀ ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ဤတံတားကြီးကို ယခုကဲ့သို့ အချိန်တိုတိုအတွင်း ပြီးစီးအောင် ဝိုင်းဝန်းပံ့ပိုးပေးကြသည့် ဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများအား အထူးပင် ကျေးဇူးတင်ရှိကြောင်း၊ ဤတံတားကြီးကို ယခုကဲ့သို့နိုင်ငံတော်က တည်ဆောက်ပေးသည်ကို တုံ့ပြန်သောအားဖြင့် အသုံးပြုသည့် ပြည်သူလူထုအနေဖြင့်လည်း တံတားကြီး သက်တမ်းပြည့် ရေရှည်အသုံးပြုနိုင်အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးသွားကြပါဟု ပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား ခရမ်းမြို့မှ ဒေသခံပြည်သူ ဦးမြင့်ဦးက ယခုကဲ့သို့ နိုင်ငံတော်က ခရမ်းချောင်းတံတားကို တည်ဆောက်ဖွင့်လှစ်ပေးသည့်အတွက် နိုင်ငံတော်အား ဒေသခံပြည်သူများ၏ကိုယ်စား အထူးပင်ကျေးဇူးတင်ရှိပါကြောင်းဖြင့် ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်း၊ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် အဖွဲ့ဝင်များသည် ခရမ်းချောင်းတံတားထိပ်ရှိ မုခ်ဦးသို့သွားရောက်ကြပြီး ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် ဝန်ကြီးဗိုလ်ချုပ်စောထွန်းတို့က ခရမ်းချောင်းတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် တာဝန်ရှိသူများ၊ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ တံတားထိပ်ရှိ မုခ်ဦးရှေ့၌ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများသည် ခရမ်းချောင်းတံတား မော်ကွန်းကမ္ပည်းကျောက်စာရှေ့၌ နေရာယူကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ခရမ်းချောင်းတံတားမော်ကွန်းကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့ကလည်း မော်ကွန်းကမ္ပည်းကျောက်စာကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်များသည် ခရမ်းချောင်းတံတားကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါခရမ်းချောင်းတံတားသည် အရှည်ပေ ၂၂၀ ရှိပြီး သံကူကွန်ကရစ် အမျိုးအစားဖြစ်သည်။ တံတားအကျယ်မှာ ၂၈ ပေ (နှစ်လမ်းသွား)ဖြစ်ပြီး ဘေးတစ်ဖက်စီတွင် သုံးပေကျယ်ရှိ လူသွားလမ်းပါရှိသည်။ ခွင့်ပြုယာဉ် အလေးချိန်မှာ တန် ၆၀ ဖြစ်ပြီး ရေလမ်းကင်းလွတ်အကျယ်မှာ ၅၃ပေနှင့် ရေလမ်းကင်းလွတ်အမြင့်မှာ ကိုးပေဖြစ်သည်။ တံတားတစ်ဖက်စီတွင် လေးဖာလုံစီရှိ မြေသားတာပေါင်နှင့် ကတ္တရာချဉ်းကပ်လမ်းရှိသည်။ တံတားကို ၂၀၀၅ခုနှစ် မတ် ၁၆ရက်တွင် စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ (သတင်းစဉ်)



ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များ ခရမ်းချောင်းတံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

## မန္တလေး–ဗန်းမော် ကုန်တင်ရေယာဉ်(အမြန်) လမ်းသစ်ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၄

**ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊သယ်ယူပို့ဆောင်ရေးဌာန (ဧရာဝတီဌာနခွဲ)၏ မန္တလေး–ဗန်းမော် ကုန်တင်ရေယာဉ် (အမြန်)လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် မန္တလေးမြို့ရှိ ဂေါဝိန်ဆိပ်ကမ်း၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်၊ ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ ဧည့်သည်များ၊ မန္တလေးတိုင်းအတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။**

ရှေးဦးစွာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က သယ်ယူပို့ဆောင်ရေးဌာန(ဧရာဝတီဌာနခွဲ)၏ မန္တလေး–ဗန်းမော် ကုန်တင်ရေယာဉ်(အမြန်) လမ်းသစ် တိုးချဲ့ပြေးဆွဲခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက အမှာစကားပြောကြားရာ၌ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ နိုင်ငံတော်တွင် ကျင့်သုံးနေသည့် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်ရေး၊ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေး၊ ကုန်ဈေးနှုန်း တည်ငြိမ်ကျဆင်းရေးတို့ကို အဓိက အထောက်အကူပြုနိုင်မည့် ကုန်တင်ရေယာဉ် (အမြန်) လမ်းသစ်ကို ဇွန် ၁၂ ရက်တွင် မြစ်ဝကျွန်းပေါ်ဌာနခွဲ၌ ဖွင့်လှစ်ပေးခဲ့ပြီး ယနေ့တွင် ဧရာဝတီဌာနခွဲ ကုန်တင်ရေယာဉ်(အမြန်) လမ်းသစ်ကို စတင်





ပြေးဆွဲသွားမည်ဖြစ်ကြောင်း၊မှတ်တမ်းများအရ ရေယာဉ်များဖြင့် တစ်လတွင် ဆန်တန် ၁၀၀၊ ဟင်းချက်ဆီ ၁၄၅ တန်၊ ဆား ၁၉၆ဒသမ ၅ တန်၊ ကြက်သွန် ၃၄၆ ဒသမ၂ တန်၊ ပဲတီစိမ်း၊ ပဲပုပ်စေ့ ၁၇၉ ဒသမ ၇ တန်၊ ငရုတ်အိတ် ၂ဒသမ၃ တန်၊ဘိလပ်မြေ ၅၅၅ တန်နှင့် သံထည်ပစ္စည်း ၁၉၁ ဒသမ ၅ တန်၊ ကြက်စာ ၁၆၇ဒသမ၂ တန်၊ ဖွဲနု ၁ဒသမ ၆တန်၊ အထွေထွေ လူသုံးကုန်ပစ္စည်း ၁၉၃၈ တန်၊ စုစုပေါင်း ၃၈၂၃ တန်၊ မန္တလေးမြို့မှ ထွက်ရှိပြီး တစ်လတွင် မြေပဲ၊ မြေထောက်ပဲ၊ စားတော်ပဲ တန်၁၉၁၀၊ သံနှင့်သံထည်ပစ္စည်း ၁၁ တန်၊ ဖွဲနု ၁၃၂ တန်၊ အထွေထွေ လူသုံးကုန်ပစ္စည်း ၁၄၃၁ တန်၊ စုစုပေါင်း ၃၄၈၄ တန် မန္တလေးမြို့သို့ အဝင်ရှိကြောင်းကိုသိရပါကြောင်း၊ ထို့ကြောင့်ရေယာဉ်များဖြင့်ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းသည် အရေးပါလျက်ရှိသည်ကို တွေ့ရမည် ဖြစ်ကြောင်း၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဝန်ထမ်းများအနေဖြင့် လက်တွေ့ဘဝနှင့် ပိုမိုလိုက်လျောညီထွေဖြစ်သော၊ ပိုမိုပြီးလုပ်ငန်းအဆင်ပြေ ချောမွေ့သောနည်းလမ်းသစ်များကြံဆ၍ ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ မန္တလေးတိုင်း လူဦးရေ ၇ဒသမ၆ သန်းကျော်နှင့် မြန်မာပြည်အရပ်ရပ်ရှိ စားသုံးသူများလက်သို့ လူသုံးကုန်နှင့် စားသုံးကုန်များ အချိန်နှင့်တစ်ပြေးညီ ရောက်ရှိပြီး ဈေးနှုန်းသက်သာစွာဖြင့် စားသုံးနိုင်ရေးအတွက် ရေယာဉ်များဖြင့် ကုန်စည်အမြန် ပို့ဆောင်ရွက်နိုင်ရေးကို အထူးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အကြီးအကဲကလမ်းညွှန်မှုပြုခဲ့ကြောင်း။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေဖြင့် စက်ရှိ/စက်မဲ့ ဆိပ်ခံတွဲ စုစုပေါင်း ၅၁၆ စီးကို အသုံးပြုပြီး ခရီးလမ်းမိုင်ပေါင်း ၇၄၉၃ မိုင်တွင် ခရီးလမ်းပေါင်း ၆၂လမ်းပြေးဆွဲပြီး ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို တစ်နှစ်ထက်တစ်နှစ် တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ဆောင်ရွက်ခြင်းအားဖြင့် ကုန်တင်သူများ၏ အားထားမှုကို တည်ဆောက်နိုင်ပြီး ဝင်ငွေတိုးတက်ရေးကို အာမခံနိုင်မည်ဖြစ်ကြောင်း။



မန္တလေးမှ ဗန်းမော်သို့ ထွက်ခွာသွားသည့် ကုန်တင်ရေယာဉ်အား တွေ့ရစဉ်။ (ပို့ဆောင်ရေး)

နိဂုံးချုပ်အားဖြင့် ဧရာဝတီဌာနခွဲသည်ယခုစတင်ပြေးဆွဲမည့် မန္တလေး–ဗန်းမော် ကုန်တင်ရေယာဉ်(အမြန်) လမ်းများပြေးဆွဲမှု အောင်မြင်ရေးအတွက် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဝန်ထမ်းအားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ကြရန်နှင့် အခြားဌာနခွဲများတွင်ပါ ယခုကဲ့သို့ ကုန်တင်ရေယာဉ်(အမြန်)လမ်းများ တိုးချဲ့ပြေးဆွဲနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရအနေဖြင့် ခေတ်အဆက်ဆက် ဖြတ်သန်းခဲ့ရသော အတွေ့အကြုံများကို သင်ခန်းစာယူပြီး နိုင်ငံတော်ကို ကိုယ့်ခွန်ကိုယ့်အားဖြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိကြောင်း။

ယင်းကဲ့သို့ တည်ဆောက်ရာတွင် လက်ငင်းဖြစ်ပေါ်နေသည့် ကမ္ဘာ့အခြေအနေအရပ်ရပ်ကို မျက်ခြည်မပြတ်လေ့လာပြီး ကြိုတင်မြော်တွေးတတ်ရန်နှင့် ခေတ်ကာလနှင့်လျော်ညီစွာတီထွင်နိုင်စွမ်း ရှိရေး၊ ကြိုးစားကြရေးဆိုသော နိုင်ငံတော်အကြီးအကဲ၏

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ➪

## မဟာစည်ရိပ်သာ ဝါဆိုသင်္ကန်းကပ်ပွဲ

ရန်ကုန် ဇွန် ၂၄

ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ ဩဝါဒါစရိယ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသံဝရ (ချမ်းမြအောင်စည်ဆရာတော်ကြီး) အမှူးပြုသော ဝါဆိုသံဃာတော်အပါး ၁၅၀ အား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၈ ခုနှစ် ဝါဆိုလပြည့်နေ့ ဇူလိုင် ၉ ရက် တနင်္ဂနွေနေ့ နံနက် ၇ နာရီတွင် ပြုလုပ်မည်ဖြစ်သည်။

၁၃၆၈ ခုနှစ် ဝါဆိုလပြည့်ကျော် ၃ ရက် ဇူလိုင် ၁၂ ရက် ဗုဒ္ဓဟူးနေ့ ညနေ ၅ နာရီ၌ ရွှေတိဂုံစေတီတော်ကြီးတွင် မဟာစည်ဆရာတော်ကြီး၏ ဂုဏ်ကျေးဇူးတော်တို့ကို ရည်စူး၍ ညလုံးပေါက် မီးပူဇော်ခြင်းနှင့် ပန်း၊ ဆီမီး၊ရေချမ်းများကို ဆက်ကပ်လှူဒါန်းပူဇော်ကြမည်ဖြစ်သည်။

အလှူရှင်များအနေဖြင့် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊ ဟိတေသီအဖွဲ့၊ အမျိုးသမီးယောဂီ စောင့်ရှောက်ရေးအဖွဲ့များတွင် လှူဖွယ်ပစ္စည်းများကို ကြွရောက်လှူဒါန်းကြပါရန် ဖိတ်ကြားထားသည်။ (က–ပ)

**ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး၊ သယ်ယူပို့ဆောင်ရေးဌာန (ဧရာဝတီဌာနခွဲ) မန္တလေး–ဗန်းမော် ကုန်တင်ရေယာဉ် (အမြန်) လမ်းသစ်ဖွင့်ပွဲအခမ်းအနားတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ အမှာစကားပြောကြားစဉ်။** (ပို့ဆောင်ရေး)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

### ၂၅–၆–၂၀၀၆ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈:၁၀ ၆။ အကပြိုင်ပွဲ
- ၈:၁၅ ၇။ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
- ၈:၂၅ ၈။ အတီးပြိုင်ပွဲ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Say it in English.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၃၅ ၄။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ Doraemon**
- ၁၁:၅၅ ၅။ **ရုပ်မြင်သံကြားဇာတ်လမ်း "ထိချက်မှန်သောမြားတစ်စင်း" [ဇော်ဝမ်း၊ ချိုပြုံး၊ ထွန်းထွန်း (Examplez)၊ နဝရတ်] (ဒါရိုက်တာ–မျိုးအေး)**
- ၁:၃၀ ၆။ အတီးပြိုင်ပွဲ
- ၁:၄၀ ၇။ **"မြန်မာလိုလှစေချင်သည်" [ကြည်စိုး(အိုင်စီ)၊ မျိုးမောင်မောင်သီဟ၊ ရတနာခင်၊ ဝါဝါအောင်] (ဒါရိုက်တာ–ရိုးရိုး)**
- ၂:၀၀ ၈။ အဆိုပြိုင်ပွဲ
- ၂:၁၀ ၉။ **"မနိုင်သောအရှုံး" (ဟက်ကက်၊ ဇင်ရဲထက်၊ နိုင်သင်းကြည်) (ဒါရိုက်တာ–အေဝမ်းမောင်လှမျိုး)**
- ၂:၂၅ ၁၀။ အရေးပြိုင်ပွဲ
- ၂:၃၅ ၁၁။ ပေါက်တံတား(ရေပြာ)နှင့် ပေါက်တံတား(အုန်းတော)
- ၂:၄၅ ၁၂။ International News.
- ၃:၀၀ ၁၃။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ သံသာချိုအေး(၃၈)ဖြာမင်္ဂလာတေး
- **၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)**
- ၅:၁၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၅:၂၅ ၇။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
- ၅:၃၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၁။ Discovery.
- ၆:၄၅ ၁၂။ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
- ၆:၅၅ ၁၃။ တိုးတက်သာယာ ထိန်တောက်ပြကျေးရွာ
- ၇:၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဖြူစင်မေတ္တာ" (အပိုင်း–၈)**
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **မြန်မာရုပ်ရှင် "နေကမွှေးတဲ့လ" (အပိုင်း–၂) (ကျော်ဟိန်း၊ မင်းမော်ကွန်း၊ တင့်တင့်ထွန်း၊ အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ–မောင်တင်ဦး)**
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

# ဝန်ကြီး ပိုလ်ချုပ်ဌေးဦး မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး ဆည်မြောင်းတာတမံလုပ်ငန်းများ စစ်ဆေး

နေပြည်တော် ဇွန် ၂၄

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဇွန် ၁၇ ရက် မွန်းလွဲ ၂ နာရီတွင် မန္တလေးတိုင်း မိတ္ထီလာမြို့ မြန်မာ့ဝါနှင့်ပိုးချည်လုပ်ငန်း၌ ခရိုင်နှင့်မြို့နယ်အဆင့် တာဝန်ရှိသူများ၊ စိုက်ပျိုးရေးညှိနှိုင်းမှု အဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး၊ တိုင်း၊ ခရိုင်၊ မြို့နယ်အလိုက် ပန်းတိုင်အထွက်နှုန်းများ သတ်မှတ်ပေးထားသည့် သီးနှံ ၁၀ မျိုး အထွက်နှုန်းရရှိအောင် ဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။**





ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာကန်၏ ရေဝင်ရောက်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ မုန်တိုင်ဆည်ရေဝင်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်း ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်က ဆည်ရေဝင်မှုနှင့် မိုးစပါးမြေပြုပြင်ရန် ဆည်ရေပေးမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

**ရေကူပေးနိုင်**

ဆက်လက်၍ ဝန်ကြီးအား မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြည်ရေး မိတ္ထီလာကန် ရေကူပေးရေးအတွက် ချောင်းကောက်ရေလှောင်တမံ၊ လက်ခုပ်ပင်ရေလှောင်တမံ၊ ညောင်ကုန်းရေလှောင်တမံတို့မှ မိတ္ထီလာကန်သို့ အဆင့်ဆင့် ဆက်သွယ်ရေးတူးမြောင်းမှ ရေချနေမှုကိုလည်းကောင်း၊ ရေလှောင်တမံများ၏ ဆည်ရေဝင်မှု အခြေအနေကိုလည်းကောင်း ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇) ညွှန်ကြားရေးမှူး ဦးမျိုးထွန်းက ရှင်းလင်းတင်ပြသည်။ မိတ္ထီလာကန်ကို ရေကူတမံများ တည်ဆောက်၍ ရေကူပေးနိုင်မှုကြောင့် ယခင်နှစ် အလားတူကာလတွင် ဧကေ ၄၀၃၂ ပေရှိခဲ့သော်လည်း ယခုနှစ် ၆၇၂၈ ဧကပေတိုး၍ ၁၀၇၆၀ ဧကပေ ရှိနေကြောင်း သိရသည်။

ဝန်ကြီးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများအား မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြည်ရေး၊ ဆည်ရေလှောင်တမံ ရေပေးတူးမြောင်းများ ထိန်းသိမ်းစောင့်ရှောက်ရေး မှာကြားပြီး မုန်တိုင်ဆည်ရေဝင်မှု အခြေအနေနှင့် ရေထုတ်ပြွန်မှ ရေပေးဝေမှု၊ မိတ္ထီလာကန်သို့ ရေလွှတ်ပေးမှုတို့ကို ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာမြို့နယ် အောင်သာကျေးရွာအနီး၌ တည်ဆောက်နေသည့် မုန်တိုင်ဆည်ကိုရေကူပေးမည့် ရှမ်းမငယ် ရေလှောင်တမံ စီမံကိန်းသို့ရောက်ရှိရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၇) ညွှန်ကြားရေးမှူး ဦးမျိုးထွန်းက ရှမ်းမငယ်ချောင်းပေါ်၌ ရေလှောင်တမံ တည်ဆောက်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

**တည်ဆောက်**

မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး အထောက်အကူပြုသည့် မုန်တိုင်ဆည် တည်ဆောက်ခဲ့သဖြင့် မိတ္ထီလာကန် သဲနုန်းပို့ချမှု ထိန်းနိုင်မှုသာမက ရေလိုအပ်ချိန် ရေကူပေးနိုင်ခဲ့သည်။ ထို့အတူ မုန်တိုင်ဆည်၏ သဲနုန်းပို့ချမှု ထိန်းနိုင်ရန်နှင့် ရေကူပေးနိုင်ရန်အတွက် မုန်တိုင်ဆည်၏ ရေဆင်းဧရိယာအတွင်း၌ ရှမ်းမငယ် ရေလှောင်တမံ စီမံကိန်းကို တည်ဆောက်သွားခြင်း ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းက မုန်တိုင်ဆည်ရေဆင်း ဧရိယာရှိ ချောင်းများအနေအထားနှင့် ရေစီးဝင်မှု အခြေအနေကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက စပါးစိုက်ပျိုးမြေ ဧရိယာများ ဆည်ရေသောက်ဒေသအတွင်း တိုးချဲ့ရရှိနိုင်ရေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ပင်မတမံ တည်ဆောက်မည့် နေရာ၌ အောက်ခြေမြေသားရှင်းလင်းထားမှုကို ကြည့်ရှုစစ်ဆေးပြီး လေလွှင့်မှုမရှိအောင် စနစ်တကျ စိစစ်သုံးသပ်ဆောင်ရွက်ကြရန် မှာကြားသည်။

**ကြည့်ရှု**

ယင်းနောက် ဝန်ကြီးသည် ညနေပိုင်းတွင် ကျောက်ပန်းတောင်းမြို့နယ်၌ တည်ဆောက်ပြီးဖြစ်သော ကြက်မောက်တောင်ဆည်ရေကူပေးရေး တမံ(၂) ဖြစ်သည့် တောင်ရေရေလှောင်တမံ၏ ရေဝင်ရရှိမှု အခြေအနေကို ကြည့်ရှုပြီး တာဝန်ရှိသူများ၊ ဆည်မြောင်းဝန်ထမ်းများနှင့် ကြက်မောက်တောင်ဆည်သို့ ရေပေးနိုင်မှုကို ဆွေးနွေးကြသည်။

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန တာဝန်ခံများက ကျောက်တံခါး ရေလှောင်တမံနှင့် တောင်ရေ ရေလှောင်တမံတို့၏ ဆက်သွယ်ရေးတူးမြောင်းမှ ကြက်မောက်တောင်ဆည်သို့ ရေကူဖြည့်ပေးနိုင်မှုအခြေအနေကို မြေပုံနှင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် တောင်ရေ ရေလှောင်တမံဆက်သွယ်ရေး ဥမင်လိုဏ်မှ ကြက်မောက်တောင်ဆည်သို့ ရေလွှတ်ပေးမည့်အခြေအနေကို ဥမင်အဝင်ပိုင်းနှင့် အထွက်ပိုင်း နှစ်နေရာ၌ ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ကြက်မောက်တောင်ဆည်သို့ ရောက်ရှိပြီး ရေဝင်ရရှိမှုအခြေအနေနှင့် လက်ဝဲလက်ယာတူးမြောင်းများမှ မိုးစပါး မြေပြုပြင် ထွန်ယက်စိုက်ပျိုးနိုင်ရန် ဆည်ရေပေးဝေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ဆည်မြောင်းဝန်ထမ်းများနှင့် ကြက်မောက်တောင်ဆည်၏ မူလရေဝင်သည့် ကျောက်ပုံချောင်းမှ ရေရရှိမှု၊ ရေကူပေးသည့် တောင်ရေချောင်းမှ ရေရရှိမှု၊ ဆည်ရေပေးနိုင်မှုတို့ကို ဆွေးနွေးသည်။

ကြက်မောက်တောင်ဆည်မှာ မူလရေဝင်ချောင်းဖြစ်သည့် ကျောက်ပုံချောင်းမှသာမက ကျောက်တံခါးနှင့်တောင်ရေ ရေလှောင်တမံရေကူပေးနိုင်မှုကြောင့် ယခင်နှစ်အလားတူကာလတွင် ရေ ၅၅၄၃ ဧကပေသာ ရှိသော်လည်း ယခုနှစ်တွင် ရေ ၁၇၄၅၀ ဧကပေ ပိုမိုဝင်ရောက်ပြီး ၂၂၉၉၃ ဧက သိုလှောင်ထားနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး မုန်တိုင်ဆည်ရေဝင်မှု အခြေအနေနှင့် ရေထုတ်ပြွန်မှ ရေပေးဝေမှုကို ကြည့်ရှုစစ်ဆေးစဉ်။**
(လယ်ယာ/ဆည်မြောင်း)



**အမှတ် ၃၉(ဘီ)ရေတာရှည်လမ်းသစ် ဗဟန်းမြို့နယ်နေ ဦးကျော်ပေါ်-ဒေါ်အမာမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး၊ ငွေပဒေသာပင် ကျပ်သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး (၂) ဒုတိယဗိုလ်မှူးကြီး ဘညာဏ်(ငြိမ်း)လက်ခံယူစဉ်။**
(က-ပ)



**မိခင်ကြီးဒေါ်ကြည်အားရည်စူး၍ ရန်ကုန်တိုင်း ဗဟန်းမြို့နယ်နေ ဦးနေဇင်လတ်-ဒေါ်ခင်စန်း A.M.B.O Co.Ltdသားသမီး မြေးတစ်စုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကဓရ တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် ငါးသိန်းကို အနုနာယကဆရာတော်ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာ တရား နာယူပြီး တိ=နိ(ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

# ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ရေနံနှင့်သဘာဝဓာတ်ငွေ့မြေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၄

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၂၃ရက် မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်း ညောင်တုန်းဒေသရှိ ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေသို့ သွားရောက်စစ်ဆေးသည်။**



**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ဧရာဝတီတိုင်း ညောင်တုန်း ရေနံနှင့်သဘာဝ ဓာတ်ငွေ့မြေရှိ တွင်းသစ်အမှတ် (၃၃)တွင်း တူးဖော်ပြီးစီးမှုနှင့် ထုတ်လုပ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။**
(စွမ်းအင်)

ရှေးဦးစွာ ဝန်ကြီးအား ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေ ရှင်းလင်းဆောင်၌ ရေနံမြေ အထွေထွေ မန်နေဂျာ ဦးအေးမြင့်က အသစ်တူးဖော်ခဲ့သော ညောင်တုန်းတွင်းသစ် အမှတ်(၃၃)ကို အောင်မြင်စွာ တူးဖော်ဆောင်ရွက် ခဲ့မှု အခြေအနေနှင့် လက်ရှိထုတ်လုပ်နေမှု အခြေအနေတို့ကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး (ထုတ်လုပ်ရေး)ဦးအုန်းမြင့်က သဘာဝဓာတ်ငွေ့ဖြန့်ခွဲသုံးစွဲမှု အခြေအနေများကိုလည်းကောင်း၊ ဘူမိဗေဒ အရာရှိချုပ် ဦးခင်မောင်ကြည်က ရေနံနှင့် သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်မည့် သဲကြောအသစ်များ၏ အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးက ညောင်တုန်းဒေသ၌ တွင်းသစ်များ ဆက်လက်တူးဖော်သွားနိုင်ရေး၊ ဘူမိ အနေအထား ဆက်စပ်လျက်ရှိသည့် ညောင်တုန်း၊ မအူပင်ဒေသတို့၏ ဘူမိရူပဗေဒဆိုင်ရာ အချက်အလက်များကို သေချာစွာ လေ့လာသုံးသပ်ပြီး ရှာဖွေရေး၊ တွင်းသစ်များ တိုးချဲ့တူးဖော်သွားနိုင်ရေး၊ ပြည်တွင်းသုံးစွဲမှု ဖူလုံစေရေးအတွက် ရေနံနှင့် သဘာဝဓာတ်ငွေ့ အထွက်တိုးရေး ဆောင်ရွက်သွားရမည့်လုပ်ငန်းစဉ်များကို အသေးစိတ်မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးက တွင်းတူးဖော်ရေးအောင်မြင်စွာ ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ တွင်းသစ်အမှတ် (၃၃)သို့ သွားရောက်ကာ တွင်းတူးဖော်ပြီးစီးမှုနှင့် ထုတ်လုပ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ တွင်းသစ် အမှတ် (၃၃)မှ သဘာဝဓာတ်ငွေ့ကုဗပေ ၃ ဒသမ ၂ သန်းနှင့် လေဆီ Condensate ၃၂ စည် ကို နေ့စဉ်ထုတ်လုပ်လျက်ရှိသည်။ ယခုအခါ ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေမှ သဘာဝဓာတ်ငွေ့ ကုဗပေ သန်း ၈၀ ကျော်နှင့် လေဆီ Condensate စည် ၆၀၀ ကျော်ကို နေ့စဉ်ထုတ်လုပ်ပေးလျက်ရှိသည်။

(သတင်းစဉ်)

# မြန်မာလိဂ် ဘောလုံးပြိုင်ပွဲဖွင့်ပွဲချန်ပီယံဆု ဘဏ္ဍာ/အခွန် ဆွတ်ခူး

**ရန်ကုန် ဇွန် ၂၄**

၂၀၀၆-၂၀၀၇ခုနှစ် ဘောလုံးရာသီ Myanmar League ဖွင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီက အောင်ဆန်း အားကစားပြိုင်ကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နာယက မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက အဆင့်မြင့်တန်း ဘောလုံးအသင်းများအား တစ်သင်းလျှင် ဘောလုံးငါးလုံးစီကိုလည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပထမတန်း၊ ဒုတိယတန်းနှင့် တတိယတန်း ဘောလုံးအသင်းများအား ဘောလုံးသုံးလုံးစီကိုလည်းကောင်း ပေးအပ်ပြီး မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ယူ-၂၀ ပြိုင်ပွဲဝင် အသင်းများအား တစ်သင်းလျှင် ထောက်ပံ့ငွေကျပ်ငါးသိန်းနှင့် ဘောလုံးငါးလုံးတို့ကို ထောက်ပံ့ပေးအပ်ရာ အား/ကာ သိပ္ပံနည်းပြ ဦးဖေခင်က လက်ခံရယူသည်။

ထို့နောက် Myanmar League ဖွင့်ပွဲ အထူးဘောလုံးပြိုင်ပွဲအဖြစ် ၂၀၀၅-၂၀၀၆ ဘောလုံးရာသီ အမှတ်ပေး ချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းနှင့် ကွင်းပိတ် ရှုံးထွက်ချန်ပီယံ စွမ်းအင်အသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

**ဘဏ္ဍာ/အခွန်အသင်း လေးဂိုး**

(ကျော်သူရ-နှစ်ဂိုး၊
ရန်ပိုင်နှင့်မျိုးလှိုင်ဝင်း-တစ်ဂိုးစီ)

**စွမ်းအင်အသင်း တစ်ဂိုး**

(ဇော်ထက်အောင်)

**အကောင်းဆုံးဆု**

ကျော်သူရ (ဘဏ္ဍာ/အခွန်)

**ဒိုင်လူကြီး ဦးစိုးမိုးကျော်**

ကွင်းပိတ် ရှုံးထွက်ချန်ပီယံ စွမ်းအင်အသင်း၏ ခြေစွမ်းမပြနိုင်မှုအပေါ် အမှတ်ပေးချန်ပီယံ ဘဏ္ဍာ/အခွန်အသင်း အခွင့်ကောင်းယူ၍ ခြေစွမ်းပြကစားကာ ကစားကွက် မိမိ၊ အချိတ်အဆက်မိမိထိုးဖောက်ပြီး ဂိုးပြတ်သွင်းယူ၍ အနိုင်ရရှိသွားသည်။ ဘဏ္ဍာ/အခွန်အသင်းသည် ယမန်နှစ် မြန်မာလိဂ်ဖွင့်ပွဲ အထူးဘောလုံးပြိုင်ပွဲတွင် စီးပွား/ကူးသန်းကို သုံးဂိုးပြတ်အနိုင်ရရှိခဲ့သလို ယခုနှစ်တွင်လည်း



**မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နာယက၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း အနိုင်ရရှိသွားသည့် ဘဏ္ဍာ/အခွန်အသင်းအား ချန်ပီယံဆုဖလားချီးမြှင့်စဉ်။** ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

စွမ်းအင်ကို ဂိုးပြတ် အနိုင်ရရှိခဲ့ပြန်သဖြင့် ဖွင့်ပွဲချန်ပီယံဆုကြီးကို နှစ်နှစ်ဆက်တိုက် ဆွတ်ခူးရရှိသွားသည်။

ဘောလုံးပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဘဏ္ဍာရေးမှူး ဦးသန်းဇော်က အကောင်းဆုံးဆုရ ကျော်သူရ (ဘဏ္ဍာ/အခွန်) အား ဆုကြေးငွေကျပ်တစ်သိန်းကို လည်းကောင်း၊ ဥက္ကဋ္ဌ ဦးဇော်ဇော်က ဒုတိယဆုရ စွမ်းအင်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုကြေးကျပ်ငါးသိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အား/ကာညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပထမဆုရ ဘဏ္ဍာ/အခွန် အသင်းအား တစ်ဦးချင်း ဆုတံဆိပ်ကိုလည်းကောင်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ဘဏ္ဍာ/အခွန်အသင်းအား ဆုဖလားနှင့် ဆုကြေးငွေကျပ် ၁၀ သိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ (ကြေးမုံ)



**အနိုင်ရရှိသွားသော ဘဏ္ဍာ/အခွန် အသင်း။**
ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၅-၆-၂၀၀၆ (တနင်္ဂနွေနေ့)**

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | စာပေပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း (ဒေါက်တာမတင်ဝင်း) |
| ၇:၂၅ | တေးဂီတအစီအစဉ် |
| ၇:၃၀ | Sunday Talk (ဦးမျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း) |
| ၈:၂၅ | တေးဂီတအစီအစဉ် |
| ၈:၃၀ | လူငယ်အားမာန်နှင့် ပန်းပျိုးသူတို့၏လက် |
| ၈:၄၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၈:၅၅ | တေးဂီတအစီအစဉ် |
| ၉:၀၀ | မိုးလေဝသခန့်မှန်းချက် |
| ၉:၀၅ | သစ်သီးပန်းပု လက်မှုအနုပညာ |
| ၉:၁၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉:၂၀ | တေးဂီတအစီအစဉ် |
| ၉:၂၅ | Myanmar Video Rhythm |
| ၁၀:၁၅ | တေးဂီတအစီအစဉ် |
| ၁၀:၂၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀:၃၀ | ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် စပါးခွဲဓာတ်ငွေ့သုံးစက် |
| ၁၀:၄၀ | တေးဂီတအစီအစဉ် |
| ၁၀:၄၅ | နိုင်ငံတကာအနုပညာရေးရာ (ကောင်းထက်ဇော်၊ မွန်မွန်) |
| ၁၁:၁၀ | တေးဂီတအစီအစဉ် |
| ၁၁:၁၅ | အောင်မြင်ကြီးပွား မွေးမြူရေးလုပ်ငန်းများ အနောက်တောင်တိုင်း စစ်ဌာနချုပ် |
| ၁၁:၃၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁:၃၅ | တေးဂီတအစီအစဉ် |
| ၁၁:၄၀ | ကျန်းမာပျော်ပါး ရေကူးအားကစား |
| ၁၂:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ၅ နာရီစာ အစီအစဉ်များကို ည ၂၃:၀၀ နာရီအထိ (၃) ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

## သစ်ပင်စိုက်ပါ ဒီဂရမှာ သာယာလှပ စိမ်းမြမြ

## မြစ်ကြီးနားမြို့ ရွှေဆိုင်လုယက်သူနှစ်ဦးကို မိနစ်ပိုင်းအတွင်း ဖမ်းဆီးရမိ

**ရန်ကုန် ဇွန် ၂၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ရွှေဆိုင်တစ်ဆိုင်အား ဇွန် ၁၈ ရက်တွင် ဆိုင်ကယ်တစ်စီးဖြင့် လူနှစ်ဦးက ဝင်ရောက်လုယက်ပြီး ရွှေထည်ပစ္စည်းများ ယူဆောင် ထွက်ပြေးသွားခဲ့သော်လည်း မိနစ်ပိုင်းအတွင်း ပြန်လည်ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ဖြစ်ပွားပုံမှာ မြစ်ကြီးနားမြို့ မင်းရပ်သခင်နက်ဖေလမ်း အမှတ် (၇၂)ရှိ သီဂီရွှေဆိုင်သို့ ဇွန် ၁၈ရက် နံနက် ၈နာရီကျော်ခန့်တွင် ဆိုင်ကယ်တစ်စီးဖြင့် လူနှစ်ဦးက မျက်နှာတွင် အဝတ်စည်းလျက် ရောက်ရှိလာပြီး ဆိုင်ကောင်တာအား ရဲဒင်းဖြင့် ရိုက်ခွဲကာ ရွှေထည်ပစ္စည်းများ လုယူခဲ့ကြောင်း၊ ရွှေဆိုင်ပိုင်ရှင် ဦးအားစိန်(၅၆)နှစ် (ဘ) ဦးနွေဖူးက ပတ်ဝန်းကျင်သို့ အော်ဟစ်အကူအညီတောင်းရာ လုယက်သူနှစ်ဦးကငင်းအား ရဲဒင်းဖြင့်ရိုက်ပြီး သေနတ်ဖြင့် ချိန်ရွယ်ခဲ့ကြောင်း၊ ရွှေဆိုင်ပိုင်ရှင်က ပြန်လည် လုံးထွေးသတ်ပုတ်ခဲ့သော်လည်း လုယက်သူနှစ်ဦးက ရွှေထည်ပစ္စည်းမျိုးစုံ ၂၅ ကျပ်သားကျော် (တန်ဖိုး ငွေကျပ်သိန်း ၁၀၀ကျော်) အား ယူဆောင်ပြီး ထွက်ပြေးသွားခဲ့ကြောင်း။

### ဖမ်းဆီးရမိ

ထွက်ပြေးသွားသည့် လုယက်သူများအား မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူလူထုတို့က လိုက်လံဖမ်းဆီးရာ တရားခံ သူရိန်စိုး (၂၆)နှစ် (ဘ) ဦးစိုးစိုး၊ ရန်ကြီးအောင်ရပ်ကွက်၊ မြစ်ကြီးနားမြို့နေသူအား ရဲဒင်းတစ်လက်၊ ဓားတစ်လက်ဖြင့် ယင်းနေ့နံနက် ၈ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ တရားခံ စိုးမင်းနိုင်(ခ) ပျားပျောက်စ (၂၂)နှစ်၊ (ဘ) ဦးထွန်းမြင့်၊ ကွက်သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့နေသူအား ရွှေထည်ပစ္စည်းများ၊ အမ် (၂၀) ပစ္စတိုတစ်လက်၊ ကျည်အိမ်တစ်ခု၊ ကျည်ဆန်နှစ်တောင့်နှင့် ပြုပြင်ထားသည့် အမှတ် (၃၆)ခွင်းဗုံးနှစ်လုံးတို့နှင့်အတူ နံနက် ၉ နာရီတွင်လည်းကောင်း ဖမ်းဆီးရမိခဲ့သည်၊

တရားခံ နှစ်ဦးအား ထိရောက်စွာ ပြစ်ဒဏ် ချမှတ်နိုင်ရေးဆက်လက်ဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)



## မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်

**၂၀၀၆ခုနှစ် ဇွန် ၂၄ ရက် မွန်းလွဲ ၂နာရီထုတ်ပြန်ချက်**
**ယနေ့နံနက် ၉:၃၀ နာရီထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် ဒေသအလိုက်နှင့် ကချင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ပူတာအိုမြို့တွင် ၄ဒသမ ၉၆ လက်မ၊ ဟုမ္မလင်းမြို့တွင် ၃ဒသမ ၂၆လက်မ၊ ကလေးဝမြို့တွင် ၃ဒသမ ၀၇လက်မ၊ မော်လိုက်မြို့တွင် ၂ဒသမ ၆၄လက်မ၊ လားရှိုးမြို့တွင် ၂ဒသမ ၃၃လက်မနှင့် ထားဝယ်မြို့တွင် ၁ဒသမ ၆၁လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် မုတ်သုံလေအားနည်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

**၂၀၀၆ ခုနှစ် ဇွန် ၂၅ ရက် ညနေအထိ ခန့်မှန်းချက်**

ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

အမြင့်ဆုံးအပူချိန် ၃၂ ဒသမ ၈ ဒီဂရီစင်တီဂရိတ် (၉၁ ဒီဂရီဖာရင်ဟိုက်) **၂၃-၆-၂၀၀၆**

အနိမ့်ဆုံးအပူချိန် ၂၁ ဒသမ ၄ ဒီဂရီစင်တီဂရိတ် (၇၀ ဒီဂရီဖာရင်ဟိုက်) **၂၄-၆-၂၀၀၆**

၀၉:၃၀နာရီအချိန် စိုထိုင်းဆ ၉၃ ရာခိုင်နှုန်း **၂၄-၆-၂၀၀၆**

နေပူသည့်နာရီပေါင်း ၅ ဒသမ ၀ နာရီခန့် **၂၃-၆-၂၀၀၆**

**မိုးရေချိန်**

| ရက်စွဲ | မင်္ဂလာဒုံ | ကမ္ဘာအေး | ရန်ကုန်မြို့လယ် |
|---|---|---|---|
| ၂၄-၆-၂၀၀၆ | ၀.၂၄လက်မ | ၀.၄၄လက်မ | မရှိ |
| ၁-၁-၂၀၀၆ရက်မှ ယနေ့အထိ | ၂၂.၇၆ လက်မ | ၃၀.၉၁ လက်မ | ၃၅.၂၄ လက်မ |

**ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၃-၆-၂၀၀၆ရက် ၁၅:၀၀ နာရီအချိန်တွင် အနောက်တောင်ဘက်မှ တစ်နာရီ ၅ မိုင်နှုန်း တိုက်ခတ်သည်။**

➪ စာမျက်နှာ ၉ မှ

လမ်းညွှန်ချက်ကို အလေးထားလိုက်နာသွားရန်လိုကြောင်း။

ဆိပ်ကမ်းများ ကောင်းမွန်ရေး၊ သန့်ရှင်းသာယာလှပရေးနှင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန်အတွက် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးသည်လည်းမရှိမဖြစ်လိုအပ်ကြောင်း။

ရေယာဉ်များဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးသည် အထိုက်အလျောက် အချိန်ပေးရသော်လည်း နိုင်ငံတော်၏ ၇၀ရာခိုင်နှုန်းခန့်သော ပြည်သူအများစုသည် ကျေးလက်ဒေသအသီးသီး၌ရှိနေသည့်အတွက် မီးရထားလမ်း၊ မော်တော်ကားလမ်းများနှင့် အလှမ်းဝေးနေသေးသော ဒေသများ၌ ရေယာဉ်များကိုပင် အားထားနေရဆဲဖြစ်ပြီး ကုန်စည်ပို့ဆောင်ရာတွင်လည်း တစ်ကြိမ်တည်းကုန်အများစုပို့ဆောင်နိုင်သည့်အပြင် ကုန်တင်ခနှုန်းထားသက်သာသည့်အတွက် ရေကြောင်းဖြင့်သယ်ယူပို့ဆောင်ခြင်းကို တိုးတက်အောင်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

မန္တလေးအခြေပြု ဧရာဝတီဌာနခွဲသည် ယခုစတင်ပြေးဆွဲမည့် ကုန်တင်ရေယာဉ်များဖြင့် ကုန်စည်များကို အမြန်ပို့ဆောင်ရေးသည်လည်းမန္တလေးတိုင်းနေ ပြည်သူများနှင့် မြန်မာပြည်အရပ်ရပ်ရှိ စားသုံးသူများလက်သို့ လူသုံးကုန်၊ စားသုံးကုန်နှင့် အထွေထွေကုန်ပစ္စည်းများ အချိန်နှင့်တစ်ပြေးညီရောက်ရှိပြီး ဈေးနှုန်းသက်သာရန်အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ဆောင်ရွက်ရခြင်းဖြစ်၍ အထူးအလေးထားဆောင်ရွက်ကြရန်မှာကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့် တာဝန်ရှိသူများသည် ကုန်တင်ရေယာဉ်(အမြန်) လမ်းသစ်တိုးချဲ့ပြေးဆွဲမည့် ရေယာဉ်ရှိသည့် "ရေနယား-၂" ရေယာဉ်ပေါ်သို့ သွားရောက်ကြပြီး ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က ဖဲကြိုးဖြတ်၍ကုန်တင်ရေယာဉ်(အမြန်) လမ်းသစ်ပြေးဆွဲခြင်း နှင့်ဖွင့်ပွဲအခမ်းအနားကို ဖွင့်လှစ်ပေးပြီး တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့်တာဝန်ရှိသူများသည် "ပုံညာ"ကုန်တင်(အမြန်) ရေယာဉ်ပေါ်သို့ တက်ရောက်ကြည့်ရှုကြသည်။

ထို့နောက်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့် တာဝန်ရှိသူများသည် စတင်ထွက်ခွာမည့် "ပုံညာ" ကုန်တင်(အမြန်) ရေယာဉ်ဖြင့် လိုက်ပါစီးနင်း သွားကြသည့် ခရီးသည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

❀ **စစ္စလီကျွန်းမှ**

အဆိုပါ ပင်လယ်ရေအောက်မီးတောင်၏ တောင်ခြေတည်နေရာ အကျယ်အဝန်းသည်ရောမမြို့၏အရွယ်အစားထက်ပင်လျှင် ပိုမိုကြီးမားကြောင်း၊ ယင်းမီးတောင်ကို "အမ်ဖီဒိုကယ်"ဟူ၍ အမည်ပေးထားကြောင်း၊ အီတလီအမျိုးသားတက္ကသိုလ် အောက်ရှိ ပင်လယ်ရေကြောင်းသိပ္ပံရေအောက်လေ့လာရေး သုတေသနအဖွဲ့မှ သိပ္ပံပညာရှင် ဆီဇာကော်ဆယ်လီက ပြောကြားသည်။ အမ်ဖီဒိုကယ်သည် ဂရိဒဿနဗေဒပညာရှင်ကြီး၏ အမည်ဖြစ်သည်။

ပင်လယ်ရေအောက် မီးတောင်၏ အမြင့်မှာမူ ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ အီဖယ်လ် မျှော်စင်ထက် ပိုမိုမြင့်မားသည်ဆို၏။

ပင်လယ်ရေအောက် မီးတောင်၏ တောင်ထွတ်တစ်ခုမှာ ပင်လယ်ရေမျက်နှာပြင်အောက် ခုနစ်ကီလိုမီတာမျှသာ ကွာဝေးသည့်နေရာတွင် တည်ရှိနေသည်။

အမ်ဖီဒိုကယ် မီးတောင်သည် လှုပ်ရှားမှုမရှိသောမီးတောင်တစ်လုံးဖြစ်ပြီး လောလောဆယ်အားဖြင့် ပေါက်ကွဲမည့် လက္ခဏာများကို ပြသခြင်းမရှိပေ။

အမ်ဖီဒိုကယ် မီးတောင်၏ တောင်ခြေ ဖွဲ့စည်းပုံမှာ စတုရန်း ကီလိုမီတာ ၇၅၀ ရှိပြီး အမြင့်မီတာ၄၀၀၊ ပေ၁၃၀၀ ရှိကြောင်း ကော်ဆယ်လီက ပြောကြားသည်။

အင်တာနက်။



ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်းနေ ကွယ်လွန်သူ နှစ်ဖက်မိဘများနှင့် ဦးလှစိန်အားရည်စူး၍ ဦးစံရီ၊ ဒေါ်သန်းသန်းအေး သားသမီးမြေးတစ်စုက ဆွမ်းပဒေသာပင် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ လာရောက်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)



# ဘရာဇီးအသင်းကို ကြောက်လန့်မည်မဟုတ် ဂါနာအသင်းနည်းပြ ဒူကိုဗစ် ပြောကြား

**ချူရင်ဘတ် ဇွန် ၂၄**

မိမိတို့အသင်းသည် အဓိကပြိုင်ဘက်ဖြစ်လာနိုင်သော ချန်ပီယံဘရာဇီးအသင်းကို စိုးရွံ့ထိတ်လန့်မည်မဟုတ်ကြောင်း ဂါနာအသင်းနည်းပြ ရာတိုမိဒူကိုဗစ်က သတင်းထောက်များအား သောကြာနေ့တွင် ပြောကြားလိုက်သည်။

ဂါနာအသင်းသည် အုပ်စုပွဲအဖြစ် ကြာသပတေးနေ့က အမေရိကန်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ၁၆သင်းအဆင့်သို့ ဝင်ရောက်နိုင်ပြီဖြစ်သည်။

လူမည်း ငွေကြယ်ပွင့်များဖြစ်သည့် ဂါနာအသင်းနှင့် ယှဉ်ပြိုင်ရမည့် မည်သည့်အသင်းမဆို မိမိတို့၏ အုပ်စုပြိုင်ဘက်များဖြစ်သော အီတလီ၊ ချက်နှင့် အမေရိကန်အသင်းတို့နည်းတူ အရေးလှလိမ့်မည်မဟုတ်ကြောင်း ဒူကိုဗစ်က ပြောသည်။

ဘရာဇီးအသင်းသည် ကမ္ဘာပေါ်တွင် အကောင်းဆုံးဘောလုံးအသင်းဖြစ်ပြီး ယင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ခြင်းကြောင့် မိမိတို့ ဝမ်းမြောက်ဂုဏ်ယူစရာဖြစ်ကြောင်း၊ ဘရာဇီးအသင်းကို မိမိတို့ ကြောက်လန့်မည်မဟုတ်ကြောင်း ၎င်းက ပြောကြားသည်။ အင်တာနက်။



**ဇွန် ၂၄ရက်က ဂျာမနီနိုင်ငံ ဝါဘတ်ဂျ်မြို့ရှိ လေ့ကျင့်ရေးကွင်းတွင် ဂါနာလက်ရွေးစင်အသင်းဘောလုံးသမားများကို ညွှန်ကြားနေသော နည်းပြ ဒူကိုဗစ်။** (ဓာတ်ပုံ-အင်တာနက်)

# ကမ္ဘာ့ဖလား ၁၆ သင်းအဆင့်ယှဉ်ပြိုင် ဂျာမနီကဆွီဒင်ကို အနိုင်ရ

**မြူးနစ် ဇွန် ၂၄**

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ၁၆သင်းအဆင့်ရှုံးထွက်ပွဲစဉ်တွင် ပါဝင်သော ဂျာမနီအသင်းနှင့် ဆွီဒင်အသင်းတို့ မြူးနစ်မြို့တွင် ဇွန် ၂၄ရက်က ယှဉ်ပြိုင်ကစားရာ ဂျာမနီအသင်းက ဆွီဒင်အသင်းကို နှစ်ဂိုး-ဂိုးမရှိ ဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်သွားပြီဖြစ်သည်။

အိမ်ရှင်ဂျာမနီအသင်းမှ လူးကပ်စ်ပိုဒေါ်စကီးသည် ပွဲချိန် ၄မိနစ်တွင် အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သည်။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ပိုဒေါ်စကီး ဂိုးသွင်းနိုင်ခြင်းမှာ ဒုတိယအကြိမ်ဖြစ်သည်။

ပွဲချိန် ၁၄ မိနစ်တွင် ဆွီဒင်နောက်ခံလူများကြားမှ ကလိုဆေး ဖြတ်ပို့ပေးလိုက်သော ဘောလုံးကို ပိုဒေါ်စကီးကပင်ထပ်မံသွင်းယူနိုင်ခဲ့သည်။

ဆွီဒင်အသင်းမှ တက်ဒီလူဆစ်သည် ပွဲချိန် ၃၄မိနစ်တွင် အဝါကတ်နှစ်ကြိမ်အပြခံခဲ့ရပြီးနောက် ထုတ်ပယ်ခံခဲ့ရသည်။ အင်တာနက်။



**အင်္ဂလန်အသင်း၏အသင်းခေါင်းဆောင် ဒေးဗစ် ဘက်ဟမ်း။** (ဓာတ်ပုံ-အင်တာနက်)

# အင်္ဂလန်အသင်း ခံစစ်အားနည်းမှု ရှိတော့မည်မဟုတ်ဟုဆို

**ဖရန့်ဖတ် ဇွန် ၂၄**

မိမိ၏အသင်းသည် ဆွီဒင်သင်းနှင့် ကစားခဲ့စဉ်က ခံစစ်အားနည်းခဲ့သော်လည်း ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်အရ တနင်္ဂနွေနေ့တွင် အီကွေဒေါအသင်းနှင့် ကစားရသည့်အခါ ခံစစ်အားနည်းချက်ရှိစေမည်မဟုတ်ကြောင်း အင်္ဂလန်အသင်း အသင်းခေါင်းဆောင် ဒေးဗစ်ဘက်ဟမ်းက စနေနေ့တွင် ပြောကြားသည်။

**နောက်တန်းကောင်းမွန်**

မိမိတို့အသင်းခံစစ်အားနည်းရမှုမှာ ဆွီဒင်အသင်းနှင့် ကစားရသည့်ပွဲတွင်သာ ဖြစ်ပေါ်ခဲ့ပြီး ယခင်ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲများ၏ မှတ်တမ်းများအရ နောက်တန်းဘောလုံးသမားများ၏ အခန်းကဏ္ဍကောင်းမွန်ခဲ့ကြောင်း ဘက်ဟမ်းက ပြောကြားသည်။ **အင်တာနက်။**



**ဆွီဒင်အသင်းမှ ဖရက်ဒရစ်ယွန်းဘတ်ဂျ်(ကျောနံပါတ်-၉)နှင့်ဂျာမနီအသင်းမှ မိုက်ကယ် ဘောလက်(ကျောနံပါတ်-၁၃)တို့ ဘောလုံးရရှိရေးယှဉ်ပြိုင်ကြစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# ဆွစ်ဇာလန်အသင်းနည်းပြစိတ်ဓာတ်တက်ကြွနေ ကွာတားအဆင့်သို့တက်ရန်မျှော်မှန်း

**ဘာလင် ဇွန် ၂၄**

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ဇွန် ၂၃ရက်က တောင်ကိုရီးယားအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီးနောက် စိတ်ဓာတ်တက်ကြွနေသော ဆွစ်ဇာလန် လက်ရွေးစင်အသင်းသည် ယခုအခါကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ရန် မျှော်လင့်ထားကြောင်း ဆွစ်နည်းပြ ကိုဘီခွန်က ဇွန် ၂၄ရက်တွင် ပြောကြားသည်။

မိမိတို့အသင်းသည် ကွာတားဖိုင်နယ်အဆင့်သို့တက်ရန် သေချာသလောက်ရှိနေပြီဖြစ်ကြောင်း နည်းပြခွန်က ပြောကြားသည်။ ဆွစ်ဇာလန် လက်ရွေးစင်အသင်းသည် အုပ်စုအဆင့်ပွဲစဉ်တွင် ယှဉ်ပြိုင်ကစားခဲ့ရာ၌ ပေးဂိုး တစ်ဂိုးမျှမရှိပေ။

မိမိ၏ အသင်းသည် ယခုအခါယုံကြည်မှု အပြည့်အဝ ရှိနေပြီဖြစ်ကြောင်း၊ မိမိတို့၏ ပြိုင်ဘက်အသင်းများက ဆွစ်ဇာလန်အသင်းကို အလေးအနက်ထားနေရပြီဖြစ်ကြောင်း ကိုဘီခွန်က ပြောကြားသည်။ ဆွစ်ဇာလန်အသင်းသည် ၁၆သင်းအဆင့် ပွဲစဉ်အရ ယူကရိန်းအသင်းနှင့် ဇွန် ၂၆ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အင်တာနက်။

**ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်ဝတ်ကျောင်းလမ်းနေ ဦးအောင်မြင့်-ဒေါ်စန်းလှိုင်မိသားစုက နှစ်(၅၀)ပြည့် ရွှေရတုတွင် သဃ်ာန်းကျွန်းမြို့နယ် (၁၆/၂) ရပ်ကွက် ဗြဟ္မဝိဟာရ ပရိယတ္တိ စာသင်တိုက်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ အလုပ်အမှုဆောင် ဒေါ်ဥမ္မာစိုး လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။**

(က-ပ)

**မီးဘေးရှောင် မလောင်ခင်တား**

# ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ

## ကွာတားတက်ရန် အခွင့်သာသည့် ပေါ်တူဂီ၊ အင်္ဂလန်ခြေညံ့သော်လည်း . . .

ဇွန် ၂၅ ရက် (ယနေ့)ညနှင့် မနက်ဖြန် နံနက်စောစောတွင် ဒုတိယရှုံးထွက်အဆင့်ပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်ကစားကြမည်။ ပထမပွဲစဉ်အဖြစ် အုပ်စု(ခ)ပထမဖြစ်သော အင်္ဂလန်နှင့် အုပ်စု(က)ဒုတိယဖြစ်သည့် အီကွေဒေါအသင်းတို့ကစားကြမည်။ ဒုတိယပွဲစဉ်အဖြစ် အုပ်စု(ဃ)ပထမဖြစ်သော ပေါ်တူဂီနှင့် အုပ်စု(ဂ)ဒုတိယဖြစ်သည့် နယ်သာလန်တို့ ကစားလိမ့်မည်။

### အင်္ဂလန်နှင့်အီကွေဒေါ

**၂၅-၆-၂၀၀၆**

**စတုဂတ်ကွင်း**

**အချိန်-ည ၉း၃၀ နာရီ၊ တနင်္ဂနွေနေ့**

**(မြဝတီမှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်။)**

အင်္ဂလန်သည် ပါရာဂွေး၊ ထရီနီဒက်နှင့် တိုဘာဂို၊ ဆွီဒင်တို့နှင့်အတူ အုပ်စု(ခ) တွင်ပါဝင်သည်။ ပွဲဦးထွက် ပါရာဂွေးနှင့် ပွဲတွင် တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်သည်။ ထရီနီဒက်ကို နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်သည်။ ဆွီဒင်နှင့် နှစ်ဂိုးစီ သရေကျသည်။

ပွဲဦးထွက် ပါရာဂွေးနှင့်ပွဲတွင် အင်္ဂလန်၏ ကစားပုံညံ့သည်။ ရှေ့တန်းတိုက်စစ်မရှိဘဲဖြစ်နေသည်။ နောက်နှင့် အလယ်ကောင်းသောကြောင့် မရှုံးခြင်းဖြစ်သည်။ ထရီနီဒက်နှင့် ကစားသောပွဲတွင်လည်း အင်္ဂလန်၏ ကစားပုံမှာကောင်းမွန်လာခြင်း မရှိချေ။ ထရီနီဒက်၏ ဖိအားပေးမှုဒဏ်ကို ခံခဲ့ရသည်။ ရွန်းနီဝင်လာပြီးနောက်ပိုင်းတွင် အင်္ဂလန်ကစားပုံပြောင်းပြီး ဂိုးရခြင်းဖြစ်သည်။ သို့သော် အင်္ဂလန်အားထားသော ရွန်းနီမှာ ပုံမှန်ခြေစွမ်းမရသေးဘဲရှိသည်။ ဆွီဒင်နှင့်ပွဲတွင် အင်္ဂလန်အသင်း ကစားပုံကောင်းလာသည်။ အိုဝင်ဒဏ်ရာရ၍ထွက်လိုက်ပြီးနောက်တွင် အင်္ဂလန်သည် ခံစစ်သက်သက်ရောက်ရှိသွားသည်။ ရွန်းနီမှာလည်း ပါလို့ပါမှန်းတောင် မသိရပေ။ ဆွီဒင်၏ ကစားကွက်အောက်တွင် လိုမ့်ခံရသည်။ ဂျာရတ်ဝင်လာမှ ကွင်းလယ်အသာစီးပြန်ရပြီး သရေကျသွားခြင်းဖြစ်သည်။

ပျိုတိုင်းကြိုက်သည့် အင်္ဂလန်အသင်းကို ယနေ့အချိန်အထိ စာရေးသူမကြိုက်ပါ။ ကစားခဲ့သော သုံးပွဲစလုံးတွင် စိတ်ထဲစွဲစရာတစ်ပွဲမျှမရှိ။ ဒုတိယရှုံးထွက်အဆင့်တွင် ရင်ဆိုင်ရမည့် အီကွေဒေါသည် အုပ်စု(က)တွင် အားအကောင်းဆုံးအသင်းတစ်သင်းဖြစ်သည်။ ပိုလန်၊ ကော့စတာရီကာအသင်းများကို အပြုတ်နှံခဲ့သောအသင်းဖြစ်သည်။

ပွဲဦးထွက် ပိုလန်နှင့်ပွဲတွင် အီကွေဒေါ၏ ခြေစွမ်းသည် ကောင်းသည်။ မြန်ဆန်ပြီး ပါဝါကောင်းသည်။ ပိုလန်၏ ခံစစ်ကြောင်းမခံနိုင်ဘဲ ဂိုးပေးရသည်။ ကော်စတာရီကာနှင့်ပွဲတွင်လည်း ကစားပုံ၊ ကစားကွက်၊ ပါဝါတို့မှာ ကောင်းလွန်းသည်။ ပြိုင်ပွဲကိုအထက်စီးမှ ဦးဆောင်ကစားသွားသည်။ ဂျာမနီနှင့် အုပ်စုဗိုလ်လုပွဲတွင် အီကွေဒေါသည် ကွင်းလယ်ကို စိုးမိုးကစားပြီး ပြိုင်ဘက်ဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့သည်။ ၂-၁ဖြင့် ဂျာမနီကိုရှုံးသော်လည်း ခြေမရှုံးချေ။

လက်ရှိအနေအထားအရ အီကွေဒေါသည် အင်္ဂလန်ထက် ပို၍ကောင်းသည်။ ရှေ့၊ လယ်၊ နောက်မျှသည်။ ဟန်ချက်ညီသည်။ အင်္ဂလန်မှာ တိုက်စစ်မှုံမှိုင်းနေသည်။ နောက်၊ လယ်သာရှိသည်။ ထို့ကြောင့် အီကွေဒေါသည် အထက်စီးမှ ကစားရမည်။ အင်္ဂလန်အသင်းအနေဖြင့် နောက်တစ်ဆင့်တက်ရန်အတွက် မနည်းရုန်းကန်ရမည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ အင်္ဂလန်သည် ဤသို့ပင် အိပဲ့အိပဲ့ဖြင့် ရှေ့သို့တက်တက်လာသည်။ နည်းပြအဲရစ်ဆန်သည် ပြိုင်ဘက်ကောင်းများအား မည်သို့ထိန်းချုပ်ရမည့်နည်းကို ကောင်းစွာသိသူဖြစ်သည်။

### ဂမ်ဆိုင်း

### ပေါ်တူဂီနှင့်နယ်သာလန်

**၂၆-၆-၂၀၀၆**

**နျူရင်ဘတ်ကွင်း**

**အချိန်-နံနက် ၁း၃၀ နာရီ၊ တနင်္လာနေ့**

**(မြဝတီမှတိုက်ရိုက်ထုတ်လွှင့်ပြသမည်။)**

ပေါ်တူဂီသည် အုပ်စု(ဃ)တွင် အီရန်၊ အင်ဂိုလာ၊ မက္ကဆီကိုတို့နှင့် အတူကျသည်။ ပွဲဦးထွက်တွင် အင်ဂိုလာကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်သည်။ ဒုတိယပွဲစဉ်တွင် အီရန်ကို နှစ်ဂိုး-ဂိုးမရှိနိုင်သည်။ နောက်ဆုံးပွဲစဉ်တွင် မက္ကဆီကိုကို ၂-၁ ဖြင့် နိုင်သည်။

ပွဲဦးထွက်အင်ဂိုလာနှင့် ကစားသောပွဲတွင် ပေါ်တူဂီသည် အထက်စီးမှ ပြိုင်ပွဲကိုဦးဆောင်ကစားသွားသည်။ အင်ဂိုလာ၏ ဖိအားပေးမှုများကို ကောင်းစွာထိန်းချုပ်နိုင်သည်။ တစ်ဖန် အီရန်နှင့်ပွဲတွင်လည်း ပေါ်တူဂီသည် ကစားကွက်ရောကစားအား အသာနှင့်ပါကစားခဲ့သည်။ နောက်ဆုံးအုပ်စု ဗိုလ်လုသော မက္ကဆီကိုနှင့်ပွဲတွင် ပေါ်တူဂီ၏ခြေစွမ်းရည်ကို တွေ့မြင်ခဲ့ရသည်။

မက္ကဆီကိုကို အထက်စီးမှ ဦးဆောင်ကစားသည်။ အလွန်မြန်ဆန်သော မက္ကဆီကိုကို အေးအေးဆေးဆေးဖြင့် ထိန်းချုပ်ကစားသွားသည်။ ထောင့်ကန်ဘော၊ ပြစ်ဒဏ်ဘော(ပြစ်ဒဏ်ဖြစ်၍ တစ်ဆင့်ကန်ဘော၊ တိုက်ရိုက်ကန်ဘော)များကို ကန်ရာတွင် ပိုင်နိုင်သည်။

နယ်သာလန်မှာ အုပ်စု(ဂ)မှ အုပ်စုဒုတိယဖြင့် တက်လာသောအသင်းဖြစ်သည်။ ပွဲဦးထွက်ပွဲတွင် ဆာဘီးယားကို တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်သည်။ အိုင်ဗရီကို့စ်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်သည်။ နောက်ဆုံးပွဲတွင် အာဂျင်တီးနားနှင့် ဂိုးမရှိသရေကျသည်။

ဆာဘီးယားနှင့် ကစားသောပွဲဦးပွဲတွင် နယ်သာလန်၏ခြေရည်သည် ညံ့သည်။ ဆာဘီးယားကိုအထက်စီးမှကစားရသည်မှာ မှန်သော်လည်း စိတ်ပျက်ဖွယ်ကောင်းသည်။ အိုင်ဗရီကို့စ်နှင့်ပွဲတွင် ကစားပုံကောင်းသည်။ အိုင်ဗရီကို့စ်၏ အဓိက ကစားသမားများကို အပိုင်ထိန်းချုပ်ပြီး လိုသလိုကစားသွားသည်။ အာဂျင်တီးနားနှင့်ကစားသော အုပ်စုနောက်ဆုံးပွဲစဉ်တွင် နယ်သာလန်သည် တိုက်စစ်ထက် ခံစစ်ကြောင်းကို ပို၍ဦးစားပေး ကစားခဲ့သည်။ တစ်ချက်တစ်ချက်မှသာ တိုက်စစ်ဆင်ကစားသည်။

ပေါ်တူဂီကဲ့သို့ ကစားသည့် ဟန်ပန်ပုံစံတူသော အာဂျင်တီးနားအသင်းကို ခံစစ်ကြောင်းလုံအောင် ပိတ်ဆို့ကစားနိုင်ခဲ့ခြင်းမှာ နယ်သာလန်၏ ရှေ့ပွဲအတွက် ပြင်ဆင်ခြင်းဟု သုံးသပ်ရမည်ဖြစ်သည်။

ကစားခဲ့သော ပွဲခြေများအရဆိုလျှင် ပေါ်တူဂီက နယ်သာလန်ထက် ကောင်းနေသည်။ သို့သော် နှစ်သင်း၏ ကစားသမားဖွဲ့စည်းမှု၊ အတွေ့အကြုံ၊ ခြေစွမ်းရည်တို့သည် မတိမ်းမယိမ်းရှိသည်။ ခြေညီသည်ဟုလည်းဆိုနိုင်သည်။ လက်ရှိခြေစွမ်းအရ သုံးသပ်ရလျှင် ပေါ်တူဂီအသင်း အနိုင်ရရန် အခွင့်အလမ်းသာနေသည်ဟုထင်ပါသည်။ ။



ပြင်သစ်နိုင်ငံ၊ ပါရီမြို့၊ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြန်မာ့ဂုဏ်ရောင်အိမ်ရာဝင်း၊ ပတ္တမြားလမ်းနေ ဦးမြတ်သူ-ဒေါ်ညွန့်ညွန့်အေး မိသားစုက ကိုမိုးသူမွေးနေ့အထိမ်းအမှတ်အဖြစ်ငွေကျပ်ငါးသိန်းကို ကျွန်းနံ့သာ အရှင်နန္ဒသိရိထံ ဆက်ကပ်လှူဒါန်းစဉ်။

(ကြေးမုံ)



ဦးမင်းသော် လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) ဇနီး ဒေါ်ခင်ခင်၊ သား ဦးထိုက်သူ-ဒေါ်မေသက်ထွန်း၊ ဦးသော်ဇေယျ၊ ဦးနေလင်း၊ သမီး ဒေါ်တင်တင်မွန်း-ဗိုလ်ကြီးကိုမြင့် (ငြိမ်း)နှင့် မြေးတစ်စုတို့က ဒေါ်ခင်ခင်၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ဇွန် ၁၆ ရက်က သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မုခ်ဦးစေတီတော်ကြီးအတွက် အလှူတော်ငွေကျပ် နှစ်သိန်းကို ဂေါပကအဖွဲ့ဝင်များထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)



မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မရမ်းကုန်းရပ်ရှိ သမိုင်းဝင်ကျိုက်သုတ်စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း ဘက်စုံပြုပြင်တည်ဆောက်ရန်အတွက် ဇွန် ၁၇ရက်က အလှူရှင် မွန်ပြည်နယ် မြန်မာ့ရေနံရောင်းဝယ်ရေးတိုင်းရုံး၊ တိုင်းရောင်းဝယ်ရေးအရာရှိ ဦးစိန်မြင့်-ဒေါ်အေးအေးချစ်မိသားစုက ငွေကျပ် ၁၅၀၀၀၀ ပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရွှေရင်လက်ခံရယူစဉ်။

(၃၀၇)



လှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဝန်ထမ်းသားသမီးများအတွက် ၂၀၀၆-၂၀၀၇ခုနှစ် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၈ ရက်က မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေစန်း မိသားစုဝင်တစ်ဦးအား ပေးအပ်စဉ်။

(က-ပ)



### သမဝါယမနေ့ကိုဂုဏ်ပြု

**အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် ပန်းဘဲတန်းမြို့နယ်မြင်းပျံရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်အရပ်ရပ်ဆိုင်ရာနှစ်ပတ်လည်အစည်းအဝေးကို ဇွန် ၂၄ ရက်က ကုန်ဈေးတန်းလမ်း အမှတ် (၂၅၈-၂၆၀) ရှိ အသင်းရုံးခန်းမ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးတင်ရွှေက အစုပေါ်အမြတ်ငွေကျပ် ၂၅၀၅၀၀ကို အသင်းသားများကိုယ်စား အသင်းအတွင်းရေးမှူး ဒေါ်သန်းသန်းမြင့်အား ပေးအပ်စဉ်။**

(၁၉)

### နှစ်ပတ်လည်အစည်းအဝေးနှင့် ဂုဏ်ပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဇွန် ၂၄**

ဦးရာဇ်မြေ ပုဏ္ဏားကျွန်းမြို့နယ် လူမှုရေးအသင်း(ရန်ကုန်)၏ ဆဋ္ဌမအကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေး၊ ဂုဏ်ပူဇော်ပွဲ၊ နိုင်ငံတော်မှ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရဘွဲ့တံဆိပ်ချီးမြှင့်ခြင်းခံရသော ဆရာကြီး ဦးကျော်မင်းအားဂုဏ်ပြုပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ငွေပဒေသာစိုက်ထူပွဲ အခမ်းအနားကို တာမွေလေးရပ်ကွက် စတုဘုမ္မိကကျောင်းတွင် ဇူလိုင်၂ ရက်(တနင်္ဂနွေနေ့)နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် အသင်းမဝင်ရသေးသူများ တက်ရောက်ကြပါရန်နှင့် (၇၅)နှစ်အထက် အသင်းဝင်မိသားစုများ၊ ၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသူများစာရင်းကို ဦးဖလောင်းဖြူ ဖုန်း-၃၉၄၆၇၈၊ ဦးဦးသိန်းမောင် ဖုန်း-၆၆၂၈၂၄၊ ဦးရန်အောင် ဖုန်း-၆၈၂၄၄၅-လိုင်းခွဲ ၁၀၈၂၊ ဦးသန်းထွန်း ဖုန်း-၇၂၇၃၄၇၊ ဦးကျော်စိန်မောင် ဖုန်း-၀၉ ၅၁၁ ၂၈၁၁ သို့ ဆက်သွယ်ရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်။

(က-ပ)

### တစ်ချက်တည်းကျင်းဝင်

**ရန်ကုန် ဇွန် ၂၄**

မယဉ်ဝင်းသူ (Queen Star Computer)သည် ပန်းလှိုင်ဂေါက်ကွင်း၌ ဇွန်၁၁ ရက်နံနက်၉နာရီမိနစ်၂၀တွင် ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၃)၌ ၁၁၄ကိုက် အကွာမှ Wilson No(3) ဘောလုံးကို Taylormade Iron(7) တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့်ကျင်းဝင်သွားသည်။ ထိုအချိန်၌ ကစားဖော်များဖြစ်ကြသော မစုလှိုင်၊ Mr. Naito, Mr. Yoko Yanaတို့နှင့်အတူ ကစားကြောင်းသိရသည်။

(ကြေးမုံ)

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ခရိုအေးရှားသမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၂၅

၂၀၀၆ ခုနှစ် ဇွန် ၂၅ ရက်တွင် ကျရောက်သည့် ခရိုအေးရှားသမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ခရိုအေးရှားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အိုင်ဗိုဆာနေဒါထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)





### စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ ခရမ်းချောင်းတံတား ကမ္ပည်း မော်ကွန်း ကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

# ခရမ်းချောင်းတံတား ဖွင့်ပွဲအခမ်းအနား ကျင်းပ ဒေသ၏ရေထွက်ကုန်များ ရန်ကုန်ဈေးကွက်ကြီးများသို့ ကုန်စည်စီးဆင်းမှု လျင်မြန်သွက်လက်လာတော့မည်

ရန်ကုန် ဇွန် ၂၄

**ဆောက်လုပ်ရေးဝန်ကြီးဌာန ရန်ကုန်တောင်ပိုင်းခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ပြီးစီးသွားသော ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ရှိ ခရမ်းချောင်းတံတား ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါ ခရမ်းချောင်းတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားပြီး မော်ကွန်းကမ္ပည်း ကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးလိုက်သည်။**

ခရမ်းချောင်းတံတား ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးတင့်ဆွေနှင့် ဗိုလ်မှူးချုပ်မြင့်သိန်း၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့တို့မှ အသင်းအဖွဲ့ဝင်များ၊

**စာမျက်နှာ ၈ ကော်လံ ၁ သို့** *



### ကြေးမုံ The Mirror အင်တာနက်သတင်း

# စစ္စလီကျွန်းတောင်ပိုင်း ကမ်းလွန်တွင် ပင်လယ်ရေအောက်မီးတောင် ရှာဖွေတွေ့ရှိ

**ရောမ ဇွန် ၂၄**

အီတလီနိုင်ငံ စစ္စလီကျွန်း၏တောင်ပိုင်း ကမ်းရိုးတန်း ကမ်းလွန် ၂၅ မိုင်အကွာတွင် အရွယ်အစားကြီးမားလှသော ပင်လယ်ရေအောက်မီးတောင်တစ်လုံးကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားပြီဖြစ်ကြောင်း ဇွန် ၂၄ ရက် အင်တာနက်သတင်း၌ ဖော်ပြသည်။

**စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ❁

**ပင်လယ်ရေအောက်မီးတောင် တည်ရှိနေပုံကို ကွန်ပျူတာ ဂရပ်ဖစ်ဒီဇိုင်းဖြင့် ရေးဆွဲထားစဉ်။** (ဓာတ်ပုံ–အင်တာနက်)



### ယနေ့ မိုးလေဝသ (၂၅–၆–၂၀၀၆)

**နေပြည်တော်**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**ရန်ကုန်**

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်း ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေး**

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

### ခရမ်းချောင်းတံတား

ရန်ကုန် တောင်ပိုင်းခရိုင် ခရမ်းမြို့ရှိ အရှည်ပေ ၂၂၀ ရှိသော ခရမ်းချောင်းတံတားကို တွေ့ရစဉ်။ (သတင်းစဉ်)